# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နဝမပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း

၂၀၁၉



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | မြို့နယ်များတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) လုပ်ငန်းများအောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသနည်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) အတွက် လိုအပ်သောအထောက်အကူပြုပစ္စည်းကိရိယာများနှင့် ရုံးလုပ်ငန်းအသုံးစရိတ်များအတွက် သီးခြားရန်ပုံငွေ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | နိုင်ငံ့ဝန်ထမ်းများ Passport လျှောက်ထားခွင့်နှင့် VISA ကင်းလွတ်ခွင့်ပြုထားသော နိုင်ငံများသို့ ခရီးသွားလာလိုလျှင် ပြည်ပထွက်ခွာခွင့် (Ex-Myanmar Leave)အား နေပြည်တော်ရုံးချုပ်အထိတင်ရခြင်းမှကင်းလွတ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာနှိမ်နင်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်မူးယစ်အထူးတပ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ချထားပေးနိုင်ခြင်းရှိ/မရှိ၊ မော်တော်ယာဉ်ဖြည့်ဆည်းပေးနိုင်မှုရှိ/မရှိနှင့် ပြင်ဦးလွင်ခရိုင်ရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် တွေ့ကြုံရသောအခက်အခဲကို မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၂ |
| ၈ | ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရာထူးတာဝန်များကို အမျိုးသမီးများ ခန့်အပ်ထားရှိ တာဝန်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၉ | ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်မိုင်နှုန်းအရှိန်ထက် ပိုမိုမောင်းနှင်နေသောကားများအား မည်သို့မည်ပုံ ဖမ်းဆီးအရေးယူ နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၁၀ | ဝင်းမာလာအောင်ကုမ္ပဏီမှ အများပြည်သူသွားလာသည့်လမ်းအား ပိတ်၍ ခြံဝင်းခတ်ထားခြင်းကို ဂရန်ချပေးထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တိုင်ကြားခဲ့၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ဂရန်ပြန်လည်ပယ်ဖျက်ပေးရန် ညွှန်ကြားကြောင်း သိရှိရသော်လည်း တစ်နှစ်ခွဲကျော် ကြာသည့် ယခုထက်တိုင် လမ်းကို ဖွင့်မပေးသည့်ကိစ္စအား ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၁ | ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်းမဲဆန္ဒနယ်ကတင်သွင်းသည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန် တကယ် ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူအကြား အပြန်အလှန် ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင် အထည် ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော် ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း | ၃၀ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၈-၈-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မြို့နယ်များတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) လုပ်ငန်းများ အောင်မြင်စွာဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသနည်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) အတွက် လိုအပ်သော အထောက်အကူပြုပစ္စည်း ကိရိယာများနှင့် ရုံးလုပ်ငန်း အသုံးစရိတ်များအတွက် သီးခြားရန်ပုံငွေ ခွင့်ပြုချထား ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **နိုင်ငံ့ဝန်ထမ်းများ Passport လျှောက်ထားခွင့်နှင့်(VISA) ကင်းလွတ်ခွင့် ပြုထားသော**

**နိုင်ငံများသို့ ခရီးသွားလာလိုလျှင် ပြည်ပထွက်ခွာခွင့်(Ex-Myanmar Leave) အား နေပြည်တော်ရုံးချုပ်အထိ တင်ရခြင်းမှ ကင်းလွတ်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးအောင်နိုင်၊ သပိတ်ကျင်း မဲဆန္ဒနယ်၏ **ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာ နှိမ်နင်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်မူးယစ်အထူး တပ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ချထား ပေးနိုင်ခြင်း ရှိ၊ မရှိ၊ မော်တော်ယာဉ် ဖြည့်ဆည်းပေးနိုင်မှု ရှိ၊ မရှိနှင့် ပြင်ဦးလွင်ခရိုင်ရုံးသို့ တရားစွဲဆို တင်ပို့ရာတွင် တွေ့ကြုံရသော အခက်အခဲကို မည်သို့ဖြေရှင်းဆောင်ရွက် ပေးနိုင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ရာထူးတာဝန်များကို အမျိုးသမီးများ ခန့်အပ်ထားရှိ တာဝန်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး ပေါ်တွင် သတ်မှတ်မိုင်နှုန်းအရှိန်ထက် ပိုမိုမောင်းနှင်နေသောကားများအား မည်သို့မည်ပုံဖမ်းဆီး အရေးယူနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဝင်းမာလာအောင်ကုမ္ပဏီမှ အများပြည်သူသွားလာသည့်လမ်းအား ပိတ်၍ ခြံဝင်းခတ်ထားခြင်းကို ဂရန်ချပေးထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၂၀၁၇၊ ဇန်နဝါရီလတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တိုင်ကြားခဲ့၍ ပြည်ထဲရေးဝန်ကြီး ဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ဂရန်ပြန်လည်ပယ်ဖျက်ပေးရန်**

**ညွှန်ကြားကြောင်း သိရှိရသော်လည်း တစ်နှစ်ခွဲကျော် ကြာသည့် ယခုထက်တိုင် လမ်းကို ဖွင့်မပေးသည့်ကိစ္စအား ညွှန်ကြားချက်အတိုင်း ဆက်လက် ဆောင်ရွက်နိုင်ရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်ကိုကိုဦး (ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့် ပြည်သူကြား အပြန်အလှန်ယုံကြည်မှု မြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၊

(ခ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဃ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(င) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(စ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## သတ္တမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
## (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၆၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၁၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၆၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ခွင့် ၁ ရက်၊
(၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်၊
(၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၁ ရက်၊
(၄) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊
(၅) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၆) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊
(၇) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊
(၈) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၉) ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း ခွင့် ၁ ရက်၊
(၁၀) မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ခွင့် ၁ ရက်၊
(၁၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊
(၁၂) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ခွင့် ၁ ရက်၊
(၁၃) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊
(၁၄) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၃ ရက်၊
(၁၅) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၃ ရက်၊
(၁၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊
(၁၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၈) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၁ ရက်၊
(၁၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၂၀) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊
(၂၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဒွေးဝင်း ခွင့် ၁ ရက်၊
(၂၂) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ခွင့် ၁ ရက်၊
(၂၃) မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ခွင့် ၁ ရက်၊
(၂၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို ခွင့် ၁ ရက်၊
(၂၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊
(၂၆) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၂၇) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၂၈) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၃ ရက်၊
(၂၉) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၃၀) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင် ခွင့် ၁ ရက်၊
(၃၁) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊
(၃၂) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၃ ရက်၊
(၃၃) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၃၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၃ ရက်၊
(၃၅) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊
(၃၆) မြောင်မဲဆန္ဒနယ်မှ ဦးဒွေးငွေ ခွင့် ၁ ရက်၊
(၃၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၃ ရက်၊
(၃၈) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊
(၃၉) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၄၀) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊
(၄၁) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ ခွင့် ၁ ရက်၊
(၄၂) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်၊
(၄၃) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်နှင့်
(၄၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၄ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၈ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြို့နယ်များတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) လုပ်ငန်းများအောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသနည်း၊ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)အတွက် လိုအပ်သောအထောက်အကူပြုပစ္စည်းကိရိယာများနှင့် ရုံးလုပ်ငန်းအသုံးစရိတ်များအတွက် သီးခြားရန်ပုံငွေ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ အားလုံးကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop) များနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတို့၏အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများဆောင်ရွက်ပေးရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှု ပြုပြင်နိုင်ရေးအထောက်အကူပြုနိုင်ရန် စတဲ့ရည်ရွယ်ချက်တွေနဲ့ ၂၀၁၅ ခုနှစ်မှာ ခရိုင်နဲ့ မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးများ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ နယ်မြေအခြေအနေအရ မဖွင့်လှစ်သေးနိုင်တဲ့မြို့နယ်များ အနည်းငယ်ကျန်ရှိနေသေးကြောင်းလည်း သိရှိရပါတယ်။ မြို့နယ်အသီးသီးမှာ One Stop Shop ကောင်တာများ ကိုယ်စီဖြင့် ဌာနအလိုက်ဖွင့်လှစ်ခြင်း၊ တာဝန်ချထားခြင်းများ ဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ အချို့နေရာတွေမှာတော့ ရုံးတွေ၊ ဘာတွေဆောက်လုပ်ပြီးစီးပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာတော့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) နှင့်ပတ်သက်လို့ ကောင်တာခုံများပြန်လည်ပိတ်သိမ်းပြီး ကြော်ငြာဆိုင်းဘုတ်များကိုသာ မြင်တွေ့ရတာဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ အားနည်းလို့ ပြန်လည်ပိတ်သိမ်းသွားတာလား။ နည်းပညာရပ်များဖြစ်တဲ့ Online System ၊ E-Government စတဲ့ စနစ်တွေ ပြည့်စုံလုံလောက်မှုမရှိလို့လား။ ပြည်သူလူထုပူးပေါင်းပါဝင်မှု၊ အားကိုးယုံကြည်မှုနည်းပါးလို့လားဆိုတာ မေးခွန်းထုတ်ရမယ့်အနေအထားမျိုးဖြစ်နေပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများက ဆောင်ရွက်ပေးတဲ့လုပ်ငန်းတွေဟာလည်း ပြည်သူလူထုအမှန်တကယ်လိုအပ်တဲ့လုပ်ငန်းတွေ ဖြစ်နေတာတွေ့ရပါတယ်။ ဥပမာ - နိုင်ငံသားစိစစ်ရေးကတ်ပြားလျှောက်ထားခြင်းကိစ္စ၊ မြေစာရင်းပုံစံ(၁၀၅) ရေးကူးခြင်းကိစ္စ၊ ပွဲမိန့်လျှောက်ထားခြင်း၊ သတင်းပေးတိုင်ကြားခြင်း စတဲ့ကိစ္စရပ်တွေလိုမျိုးဖြစ်နေပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)စနစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်ဆိုရင် ပြည်သူတွေအတွက် အချိန်နှင့်ငွေကြေးသက်သာစေခြင်း၊ အဂတိလိုက်စားမှု (ကြိုးနီစနစ်)လျော့နည်းစေခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ကျစေခြင်း၊ အစိုးရအဖွဲ့အစည်းများ၏ ဂုဏ်သိက္ခာတိုးတက်ကောင်းမွန်လာစေခြင်း စတဲ့အကျိုးတွေရရှိလာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူတို့၏အခြေခံလိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးနိုင်မည့် ဝန်ဆောင်မှုကောင်းများ ပေါ်ထွက်လာစေရေးအတွက် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) မြို့နယ်များတွင် ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) လုပ်ငန်းများ အောင်မြင်စွာဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါသနည်း။ မေးခွန်း(၂) ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)အတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းကိရိယာများနှင့် ရုံးလုပ်ငန်းအသုံးစရိတ်များအတွက် သီးခြားရန်ပုံငွေ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန်နှင့် အချိန်ထပ်တိုးခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိမြို့နယ်များမှာ ဖွင့်လှစ်ထားတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) ဟာ ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေတဲ့ ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေး အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၀-၅-၂၀၁၅ ရက်စွဲပါစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ လက်ရှိမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၂၅-၇-၂၀၁၈ ရက်စွဲပါစာဖြင့် ယင်းကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့ပြင် မြို့နယ်များအလိုက် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)များ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ၁၁-၈-၂၀၁၅ ရက်စွဲပါစာဖြင့် ညွှန်ကြားချက်အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ မြို့နယ်အလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှာ မြို့နယ် ၃၃၀ ရှိသည့်အနက် ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop) ၃၁၆ ရုံး ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး ဖွင့်လှစ်ရန် ၁၄ ရုံး ကျန်ရှိပါတယ်။ အဆိုပါရုံး ၁၄ ရုံးကတော့ နယ်မြေအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ ရုံးမရှိတဲ့ ရုံး ၁၃ ရုံးနှင့် ဒေသအနေအထားအရ ဌာနဆိုင်ရာရုံးများနှင့် နီးကပ်စွာတည်ရှိနေတဲ့ ဖွင့်လှစ်ပေးခြင်းမရှိတဲ့ ရုံးတစ်ရုံးတို့ဖြစ်ပါတယ်။ မြို့နယ်များမှာ ဖွင့်လှစ်ထားရှိတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) ရှေ့ပြေးအစီအစဉ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စတဲ့ဌာနခုနစ်ခုဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်နှင့် တောင်းဆိုချက်များအရ

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန စတဲ့ ဌာနရှစ်ခုကို ထပ်မံထည့်သွင်းပြီး ယခုအခါမှာ စုစုပေါင်းဌာန ၁၅ ခုဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါဌာန ၁၅ ခုဟာ ပြည်သူ့ဝန်ဆောင်မှုရုံးတိုင်းမှာ ဆောင်ရွက်လျက်ရှိပြီး အချို့မြို့နယ်များမှာ ထပ်တိုးဆောင်ရွက်ရတဲ့ ဌာနများ ထပ်မံဖြည့်စွက်ဆောင်ရွက်လျက်ရှိတဲ့အတွက် တစ်နိုင်ငံလုံးစာရင်းချုပ်အနေနဲ့ စုစုပေါင်း ၂၄ ဌာန ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး ဌာနဆိုင်ရာများအနေဖြင့် တင်ပြပါလုပ်ငန်းတာဝန်များကို ပြီးပြတ်အောင်ဆောင်ရွက်ပေးပြီး ပြီးပြတ်အောင်ဆောင်ရွက်မပေးနိုင်တဲ့ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပုံနည်းအဆင့်ဆင့်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးရှင်းလင်းခြင်းကို သက်ဆိုင်ရာဌာနများသို့ ညွှန်ပြပေးခြင်းများကိုလည်း ဝန်ဆောင်မှုပေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဌာနအလိုက် ဆောင်ရွက်ပေးနိုင်တဲ့လုပ်ငန်းများ တင်ပြအပ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများရှိ ဌာနဆိုင်ရာများအနေဖြင့် ဒေသခံပြည်သူများ၏ ရင်တွင်းစကားများ၊ ဆန္ဒများ၊ အကြံပြုချက်၊ တိုင်တန်းချက်များကို တင်ပြခွင့်ရရှိပြီး ပွင့်လင်းမြင်သာစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် Complaint Center များကိုလည်း ထည့်သွင်းဖွင့်လှစ်ထားရှိပြီး အကြံပြုချက်၊ တိုင်တန်းချက်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူလျင်မြန်စေရန် ဝန်ဆောင်မှုအသစ်များ ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် UNDP နှင့်ပူးပေါင်းပြီး ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ဝန်ထမ်းများကို နိုင်ငံခြားသို့ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)နှင့် လုပ်ငန်းသဘောတူညီတဲ့ ရုံးများသို့စေလွှတ်ပြီး လေ့လာစေခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) ဝန်ဆောင်မှုလုပ်ငန်းများသို့ ပြည်သူများ ရင်းနှီးသိရှိနိုင်ရန်အတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အသိပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို အသိပေးဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)အတွက် လိုအပ်တဲ့အထောက်အကူပြု ပစ္စည်းကိရိယာများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် UNDP တို့မှ ပူးပေါင်းကူညီထောက်ပံ့လျက်ရှိပါတယ်။ ရုံးအသုံးစရိတ်များအတွက် လိုအပ်တဲ့စာရွက်စာတမ်းခ၊ လျှပ်စစ်မီတာခ၊ ရုံးအဆောက်အဦဆောက်လုပ်ရန် ငွေလုံးငွေရင်းရန်ပုံငွေများကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းရုံးများဖွင့်လှစ်နိုင်ရေးနှင့် အဆိုပါရုံးများတွင် ပြည်သူ့ဝန်ဆောင်မှုရုံးများ ထည့်သွင်းဖွင့်လှစ်နိုင်ရေးအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှာ ကျပ် ၁.၅ ဘီလီယံစီ ခွဲဝေချထားပေးခဲ့ပါတယ်။ ထို့ပြင် UNDP

မှလည်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ပြည်သူ့ဝန်ဆောင်မှုရုံး ၁၇ ရုံးကို ရုံးသုံးပစ္စည်းကိရိယာများ ထောက်ပံ့ပေးခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ ရုံးအဆောက်အဦဆောက်လုပ်ရန်၊ ရုံးသုံးပရိဘောဂနှင့် စက်ပစ္စည်းများအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ကျပ် ၈၉၇.၆၂၀၅ သန်းကို ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှာ ရုံးအဆောက်အဦဆောက်လုပ်ရန်၊ ရုံးသုံးပရိဘောဂနှင့် စက်ပစ္စည်းများဝယ်ယူရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ကျပ် ၂၂၆.၃၃၁ သန်းအား ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ်မှာ ချင်းပြည်နယ်အတွင်း ဟားခါးမြို့နယ်မှအပ ကျန်ရှစ်မြို့နယ်မှာ ရုံးသုံးပရိဘောဂနှင့် ရုံးသုံးစက်ကိရိယာများဝယ်ယူရန်အတွက် တစ်မြို့နယ်လျှင် ကျပ် ၁၂.၀၆ သန်း ခွဲဝေချထားပေးခဲ့ပါတယ်။

သို့ပါ၍ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)များဟာ ပြည်သူများရဲ့ နေ့စဉ်လူနေမှုဘဝလိုအပ်ချက်များ အမျိုးမျိုးကို ရိုးရှင်းလွယ်ယူစွာဖြေရှင်းဆောင်ရွက်ပေးတဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးများဖြစ်ပါ၍ အဆိုပါရုံးများရဲ့ လုပ်ငန်းဆောင်ရွက်မှုအောင်မြင်လာသည်နှင့်အမျှ အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုမြင့်တက်လာပြီး အထောက်အကူပြုနိုင်သည့်အားလျော်စွာ ပြည်သူ့ဝန်ဆောင်မှုရုံးများအတွက် လိုအပ်တဲ့အထောက်အကူပြုပစ္စည်းကိရိယာများနှင့် ရုံးလုပ်ငန်းအသုံးစရိတ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ OSS ရုံးဆိုတာ ပြည်သူလူထုအတွက် အကျိုးပြုဖို့၊ ဝန်ဆောင်မှုပေးဖို့ ဖွင့်လှစ်ပေးတဲ့ရုံးတွေဖြစ်တဲ့အတွက် ဒါဟာ လုပ်သင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ထောက်ခံကြိုဆိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လွယ်တဲ့ရုံးကိစ္စတွေရှိပါတယ်။ အမှန်ခက်ခဲရှုပ်ထွေးတဲ့ကိစ္စရပ်တွေ အများကြီးရှိပါတယ်။ ဥပမာ - မော်တော်ယာဉ်သက်တမ်းတိုးတဲ့လုပ်ငန်းတွေကအစ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဆောင်ရွက်တဲ့ကိစ္စမျိုးအဆုံး Agent တွေ၊ ပွဲစားတွေကနေတစ်ဆင့် ဆောင်ရွက်နေရတဲ့လုပ်ငန်းတွေအများကြီးရှိနေပါတယ်။ ဒါတွေကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ One Stop Shop ပီပြင်အောင်ဆောင်ရွက်နိုင်ဖို့ လိုအပ်နေတယ်ဆိုတာကိုလည်း ဖော်ပြနေတာဖြစ်ပါတယ်။ အဲဒီတော့ ဒီ One Stop Shop ကိစ္စတွေကို ပီပြင်အောင်ဖော်ဆောင်နိုင်ဖို့အတွက် ဝန်ကြီးဌာနမှာ ဘယ်လိုလျာထားမှုတွေရှိပါသလဲဆိုတာ မေးချင်ပါတယ်ခင်ဗျား။ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်မှာ ကြည့်ကြည့်တော့လည်း OSS နဲ့ပတ်သက်တဲ့ ဖော်ပြချက်မျိုးတွေ မတွေ့ရဘူး။ ဥပမာ - ဘယ်နေ့မှာတော့ဖြင့် ဘယ်နှစ်မြို့နယ် ပြည့်မီအောင်ဆောင်ရွက်မယ်။ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒီ One Stop

Shop ကို ပြည့်မီအောင်ဆောင်ရွက်နိုင်မယ့် ခန့်မှန်းခြေကာလလေးတွေကို သိရှိလိုတဲ့အတွက် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးက ဖြေဆိုပေးပါ။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ OSS ရုံးတွေအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အောင်မြင်မှုရရှိစေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်တွေရှိပါတယ်။ အဲဒါကတော့ ဝန်ဆောင်မှုပေးမယ့်လုပ်ငန်းများ ရွေးချယ်ရာမှာ လက်ရှိတာဝန်ယူဆောင်ရွက်ပေးတဲ့ ဦးစီးဌာန၊ တပ်ဖွဲ့၊ အဖွဲ့အစည်းများရဲ့ လုပ်ပိုင်ခွင့်အာဏာဖြန့်ဝေမှု စသည့်နှင့်ပတ်သက်၍ ညှိနှိုင်းသဘောတူညီမှုကို ဦးစွာဆောင်ရွက်ရန် ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လုပ်ငန်းအမျိုးအစားအလိုက်လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားသူများ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မတူညီတဲ့ လုပ်ပိုင်ခွင့်အာဏာထားရှိမှုများကြောင့် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများမှာ ပါဝင်ရန် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဝန်ဆောင်မှုနှောင့်နှေးစေတဲ့ မလိုအပ်တဲ့လုပ်ထုံးလုပ်နည်းများ လျှော့ချနိုင်စေရေးအတွက် လုပ်ငန်းများရွေးချယ်စဉ်က သက်ဆိုင်ရာဌာနတာဝန်ရှိသူများနှင့်ညှိနှိုင်း၍ သဘောတူညီချက်များ ရယူထားရန် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အစိုးရရဲ့မူဝါဒဖြစ်တဲ့ ပြည်သူ့ဝန်ဆောင်မှုရုံးများမှာ ဦးစီးဌာနတစ်ခုတည်း၊ လုပ်ငန်းတစ်ခုတည်းကို ရည်ရွယ်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ပြည်သူလူထုရဲ့ လိုအပ်တဲ့ဝန်ဆောင်မှုအမျိုးအစားအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်အောင်မြင်စေရန်အတွက်ဌာနအားလုံး ပူးပေါင်းဆောင်ရွက်စေရန် ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တာဝန်ခံဆောင်ရွက်မည့်အုပ်ချုပ်မှုစနစ်မှာ တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်လာစေရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းများ Passport လျှောက်ထားခွင့်နှင့် VISA ကင်းလွတ်ခွင့်ပြုထားသော နိုင်ငံများသို့ ခရီးသွားလာလိုလျှင် ပြည်ပထွက်ခွာခွင့်(Ex-Myanmar Leave)အား နေပြည်တော်ရုံးချုပ်အထိ တင်ရခြင်းမှကင်းလွတ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီမေးခွန်းကိုမေးရခြင်းဟာ အများပြည်သူများအနေဖြင့် နိုင်ငံခြားသွားလာခွင့် လွယ်လွယ်ကူကူခွင့်ပြုခဲ့တာ နှစ်အတော်ကြာပါပြီ။ အိမ်နီးချင်းနိုင်ငံတွေကို ဈေးဝယ်ထွက်ကြ၊ ဆေးကုသွားကြနဲ့ တချို့တတ်နိုင်တဲ့သူတွေဆိုရင် နှာစေး၊ ချောင်းဆိုးတာကအစ ဆေးသွားကုကြပါတယ်။ နိုင်ငံခြားဧည့်သည်

ဝင်ရောက်လာတဲ့နှုန်းကလည်း နှစ်စဉ်နှင့်အမျှ တိုးတက်များပြားလာတာတွေ့ရပါတယ်။ အဆင့်မြင့်ဝန်ထမ်းများနဲ့ အစိုးရအဖွဲ့ဝင်များကလည်း အလုပ်ကိစ္စပေါင်းစုံဖြင့် သွားလာနေကြတာတွေ့မြင်နေရပါတယ်။ ပြည်သူများ နိုင်ငံခြားအတွေ့အကြုံများလာတာနှင့်အမျှ နိုင်ငံခြားမှာအစိုးရဝန်ထမ်းတွေက ပြည်သူတွေကို ဆက်ဆံတဲ့ပုံစံနဲ့အခွင့်အရေးမျိုးလိုချင်လာကြပါတယ်။ ဒါပေမဲ့ ပြည်သူတွေနဲ့တိုက်ရိုက်ဆက်ဆံရတဲ့ သာမန်ဝန်ထမ်းတွေကတော့ နိုင်ငံခြားသွားခွင့်လုံးဝမလွယ်ကူကြတာကြောင့် နိုင်ငံတကာအတွေ့အကြုံမရှိကြလို့ ပွတ်တိုက်မှုတွေတစ်နေ့တခြားများပြားလာတာ တွေ့ရပါတယ်။ အခုချိန်ထိဝန်ထမ်းအနေနဲ့ Passport လျှောက်လို့မရသေးဘူးလို့ သိရပါတယ်။ နိုင်ငံခြားသွားလိုရင် အနည်းဆုံးညွှန်ကြားရေးမှူးအဆင့်ကနေ ရာထူးကြီးတဲ့သူဆိုရင် ဝန်ကြီးအဆင့်ထိခွင့်တောင်းရတယ်လို့ သိရပါတယ်။ တချို့ဝန်ကြီးဌာနတွေကြတော့ နေပြည်တော်ရုံးချုပ်ထိ လူကိုယ်တိုင်လာပြီးခွင့်တင်ရတယ်လို့ သိရပါတယ်။ ခွင့်စာတင်တဲ့အချိန်ကစပြီး ခွင့်ကျတဲ့အထိ တစ်လခန့်ကြာတယ်လို့သိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေတစ်ခုဟာ မျှတမှုရှိပြီးလေးစားလိုက်နာကြပါမှ အာဏာသက်ရောက်မှုရှိမှာဖြစ်ပါတယ်။ အခုလိုမျိုး ဝန်ထမ်းတွေကို ကန့်သတ်ထားတာများတဲ့အတွက် ဝန်ထမ်းမဟုတ်တဲ့သူအဖြစ်နဲ့ Passport လျှောက်ကြတာ၊ ကိုင်ဆောင်ကြတာ၊ ဌာနအကြီးအကဲမသိဘဲ နိုင်ငံခြားခိုးထွက်ကြတာတွေဖြစ်လာနိုင်ပါတယ်။ အထူးသဖြင့် ဆေးကုသလိုတဲ့သူတွေအနေနဲ့ ခွင့်တင်ရမယ့်ရက်မစောင့်နိုင်လို့ ခိုးသွားကြတာတွေဖြစ်လာနိုင်ပါတယ်။ ဗီဇာကင်းလွတ်ခွင့်ပြုထားတဲ့နိုင်ငံတွေနဲ့ ကူးလူးဆက်သွယ်မှုများတဲ့အတွက် ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံလိုနိုင်ငံမျိုးဆိုရင် ပြည်တွင်းခရီးသွားတာထက်တောင် လွယ်ကူမြန်ဆန်တာတွေ့ရပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းတွေကို အများပြည်သူများနည်းတူ နိုင်ငံခြားကို ဈေးဝယ်ထွက်နိုင်ရန်၊ မိသားစုလိုက် အပန်းဖြေသွားချင်ရင် အိမ်မှာကျန်ရစ်မနေဘဲလိုက်ပါနိုင်ရန်၊ ဆေးကုသလိုရင် ချက်ချင်းသွားနိုင်ရန်၊ နိုင်ငံခြားအတွေ့အကြုံရပြီး ပြည်သူတွေကို ကောင်းမွန်တဲ့ဆက်ဆံမှု၊ ဝန်ဆောင်မှုပေးနိုင်ရန်နှင့် တည်ဆဲဥပဒေအာဏာသက်ရောက်မှုရှိရန်အတွက် ဖြေလျှော့မှုပေးဖို့အချိန်တန်ပြီလို့ ယူဆပါတယ်။ ဖြေလျှော့မှုပေးခြင်းကြောင့် အပြစ်ရှိနိုင်ပေမဲ့အကျိုးရလဒ်ပိုများမယ်လို့ထင်ပါတယ်။ ဒါ့ကြောင့် ဝန်ထမ်းများအနေနဲ့ Passport လျှောက်ပြီးကိုင်ဆောင်ခွင့်ပြုရန်နှင့် နိုင်ငံတိုင်းကိုမဆိုလိုပေမဲ့ ပြည်တွင်းခရီးသွားတာလောက်ပဲ လွယ်ကူပြီးကူးလူးဆက်ဆံမှုများတဲ့အပြင် ဗီဇာကင်းလွတ်ခွင့်ပြုထားတဲ့အိမ်နီးချင်းနိုင်ငံများကို ဝန်ထမ်းများခရီးသွားလိုရင် နေပြည်တော်ရုံးချုပ်ထိ ခွင့်စာတင်ခိုင်းရာကနေ သက်ဆိုင်ရာရုံး၊ ဌာနအကြီးအကဲထံခွင့်စာတိုင်ပြီး မိမိသွားလိုတဲ့နိုင်ငံ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ Viber, Internet Account တင်ပြစေပြီး ခွင့်ပြုပေးနိုင်ရန်လိုအပ်ပြီလို့ယူဆတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတာကတော့ ဝန်ထမ်းများ Passport လျှောက်ထားခွင့်နှင့် ဗီဇာကင်းလွတ်ခွင့်ပြုထားသော နိုင်ငံများသို့ခရီးသွားလိုလျှင် ပြည်ပထွက်ခွာခွင့်(Ex-Myanmar Leave)အား နေပြည်တော်ရုံးချုပ်အထိ တင်ပြရခြင်းမှကင်းလွတ်ခွင့်ပြုရန်အစီအစဉ်ရှိ/မရှိအား လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ထုတ်ပေးလျက်ရှိတဲ့ နိုင်ငံကူးလက်မှတ်အမျိုးအစားမှာ သံတမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ်နှင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်ဖြစ်ပြီး သံသမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ်များအား နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပေး လျက်ရှိပါတယ်။ သာမန်မြန်မာနိုင်ငံကူးလက်မှတ်အား ပြည်ထဲရေးဝန်ကြီးဌာနက ၂၆-၅-၂၀၁၆ ရက်စွဲ ပါစာဖြင့်ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၃၃၂/၂၀၁၆)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲချုပ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များမှအဖွဲ့ဝင်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးမှ အဖွဲ့ဝင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့မှူးမှ အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းထားတဲ့ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ဖြင့် စိစစ်ထုတ်ပေးလျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းများဟာ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ပြည်ပနိုင်ငံများသို့သွားရောက်လိုပါက မြန်မာနိုင်ငံကူးလက်မှတ်ရရှိရေးလျှောက်ထားရပြီး ထိုသို့လျှောက်ထားရာမှာ မြန်မာနိုင်ငံ နိုင်ငံသား စိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူနှစ်စုံ၊ အိမ်ထောင်စုစာရင်းမူရင်းနှင့်မိတ္တူနှစ်စုံ၊ သက်ဆိုင်ရာဝန်ကြီး ဌာနရဲ့ ပြည်ပခံစားခွင့်မူရင်းနှင့်မိတ္တူတစ်စုံတို့အား မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကောင်တာ၌ စစ်ဆေးမှုခံယူရပါတယ်။ ထိုကောင်တာမှ စစ်ဆေး ပြီးကြောင်း ပြေစာဖြတ်ပိုင်းနှင့်အတူ ထုတ်ပေးတဲ့ကိုယ်ရေးလျှောက်လွှာ ပုံစံတွင်ဖော်ပြထားတဲ့အချက် များကို ပြည့်စုံစွာဖြည့်စွက်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးရှိ မြန်မာ့စီးပွားရေးဘဏ် ၌ ငွေ ၂၅၀၀၀ ကျပ်ပေးသွင်းရပါတယ်။ ငွေပေးသွင်းပြီးပါက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု စာရင်း(မူရင်း၊ မိတ္တူ)၊ ဘဏ်ငွေသွင်းပြီးကြောင်း ပြေစာနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်စိစစ်ရေး အဖွဲ့ရုံးရှိ ကိုယ်ရေးအချက်အလက်များ ရေးသွင်းရေးဌာနစိတ်မှ စိစစ်မှုခံယူခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်း၊ လက်ဗွေနှိပ်ခြင်း၊ လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ အဆိုပါကိစ္စများကို ဆောင်ရွက် ပြီး နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က လက်ခံပြေစာဖြတ်ပိုင်းကိုထုတ်ပေးပြီး ထိုပြေစာထုတ်ပေး ပြီးသည့်နေ့မှ ၁၀ ရက်တိတိပြည့်ပါက လက်ခံပြေစာဖြင့် Passport စာအုပ်ကို ထုတ်ယူရပါတယ်။ အဆိုပါ Passport စာအုပ်ကို ပြည်ပသို့သွားရောက်ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိပါက

သက်ဆိုင်ရာဝန်ကြီးဌာနမှ ထိန်းသိမ်းထားရှိရန် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၄-၁-၂၀၁၈ ရက်စွဲပါ စာဖြင့် ဝန်ကြီးဌာနအားလုံးသို့ ညှိနှိုင်းအကြောင်းကြားထားရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းများ ပြည်ပသို့သွားရောက်ရာမှာ ခွင့်အမျိုးအစားသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၇၃ နည်းဥပဒေခွဲ(က)တွင် အရာထမ်းအဆင့်ဝန်ထမ်းများအတွက် ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသူက ခွင့်ပြုနိုင်သည်ဟုလည်းကောင်း၊ နည်းဥပဒေခွဲ(ခ)မှာ အမှုထမ်းအဆင့်ဝန်ထမ်းများအတွက် ခွင့်ကို ဝန်ထမ်းအဖွဲ့အကြီးအမှူး သို့မဟုတ် လုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသူက ခွင့်ပြုနိုင်သည်ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

သို့သော် နိုင်ငံ့ဝန်ထမ်းများ ပြည်ပသို့သွားရောက်ရာမှာ ပြည်ပမှာကြုံတွေ့နိုင်တဲ့ အခက်အခဲများနှင့် အခြားအုပ်ချုပ်မှုဆိုင်ရာကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဖြေရှင်းရမှာဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးတို့ကတာဝန်ခံ၍ ပြည်ပခံစားခွင့် (Ex-Myanmar Leave)ကို ခွင့်ပြုပေးခြင်းက ပိုမိုသင့်လျော်ကြောင်းစိစစ်တွေ့ရှိရပါတယ်။ ထိုသို့ စိစစ်တွေ့ရှိချက်အရ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံကူး လက်မှတ်လျှောက်ထားရာမှာ ပြည်ပခံစားခွင့်(Ex-Myanmar Leave)ပါရှိရမည်ဟု မူဝါဒချမှတ်ထားခြင်းဖြစ်ပါတယ်။ ထို့ကြောင့် ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တသွားရောက်ရသည့် နိုင်ငံ့ဝန်ထမ်းများလွယ်ကူအဆင်ပြေစေရေန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ခွင့်အမျိုးအစား ၁၀ မျိုးအနက် လုပ်သက်ခွင့် သို့မဟုတ် လစာမဲ့ခွင့်များအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူးတို့က တာဝန်ခံ၍ခွင့်ပြုပေးလျက်ရှိပါတယ်။

သို့ပါ၍ နိုင်ငံ့ဝန်ထမ်းများ Passport လျှောက်ထားခွင့်နှင့် ဗီဇာကင်းလွတ်ခွင့်ပြုထားသော နိုင်ငံများသို့ ခရီးသွားလိုလျှင် ပြည်ပခံစားခွင့်(Ex-Myanmar Leave)အား သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြရခြင်းမှ ကင်းလွတ်ခွင့်ပြုရန်အစီအစဉ်မရှိပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ဖြေကြားချက်ကို ပေါင်းစပ်ပြီးဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာနှိမ်နင်းနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ်မူးယစ်အထူးတပ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ချထားပေးနိုင်ခြင်းရှိ/မရှိ၊ မော်တော်ယာဉ်ဖြည့်ဆည်းပေးနိုင်မှုရှိ/မရှိနှင့် ပြင်ဦးလွင်ခရိုင်ရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် တွေ့ကြုံရသောအခက်အခဲကို မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်နိုင်(သပိတ်ကျင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်း မဲဆန္ဒနယ်က ဒေါက်တာဦးအောင်နိုင် ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ

သပိတ်ကျင်းမြို့နယ် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြတောင်းခံအပ်ပါတယ်။ သပိတ်ကျင်းမြို့နယ်ဟာ မန္တလေးတိုင်းဒေသကြီးရဲ့(မြောက်ဘက်) အစွန်ဆုံးမြို့နယ်ဖြစ်ပြီးတော့ မြောက်ဘက်မှာ ထီးချိုင့်မြို့နယ်၊ အရှေ့ဘက်မှာ မိုးကုတ်၊ မိုးမိတ်၊ မဘိမ်းမြို့နယ်၊ တောင်ဘက်မှာ စဉ့်ကူးမြို့နယ်၊ အနောက်ဘက်မှာ ဧရာဝတီမြစ်ခြား၍ ခင်ဦးမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့နှင့် ထိစပ်နေပါတယ်။ မြို့နယ်ဟာတောင်မြောက်အရှည်အားဖြင့် ၇၅ မိုင်ရှိပြီးတော့ အရှေ့နဲ့အနောက် ၂၄ မိုင်ရှိပါတယ်။ အကျယ်အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၉၉၀ ရှိပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၂၇ ခုရှိပြီးတော့ ကျေးရွာပေါင်း ၇၀ ကျော်သာရှိပါတယ်။ လူဦးရေအားဖြင့် ၁၂၀၀၀၀ ကျော်ရှိပါတယ်။ လက်ရှိမြို့နယ်ရဲတပ်ဖွဲ့ဝင်အင်အားမှာ ကျွန်တော်တို့ Power Point မှာပြထားတဲ့အတိုင်းဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်အခါမှာဆိုလို့ရှိရင် မူးယစ်ဆေးဝါးအန္တရာယ်ကို တောရော၊ မြို့ပါ ရင်ဆိုင်နေကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့ သပိတ်ကျင်းမြို့နယ်မှာဆိုလို့ရှိရင်လည်း ယခင့်ယခင်နှစ်များက မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအများစုမှာ သပိတ်ကျင်းမြို့နယ်ကိုဖြတ်၍ သယ်ဆောင်ဖြန့်ဖြူးသည့် အခြားဒေသသားများသာ ဖြစ်ခဲ့ပါတယ်။ အခုနောက်ပိုင်းနှစ်များမှာဆိုရင် ရပ်ကွက်ကျေးရွာအတွင်း ဒေသခံများကိုယ်တိုင် လက်လီရောင်းချမှုများရှိလာပါတယ်။ မူးယစ်ဆေးဝါးရောင်းချမှုဟာ တရားမဝင် ဥပဒေနှင့်မလွတ်ကင်းတဲ့အလုပ်မှန်းသိပါလျက် နည်းနည်းရင်းရုံဖြင့် များများမြတ်သည့်သဘောကြောင့် အားကျအတုယူဖွယ်ရာ စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လွဲမှားစွာခံယူနေကြတာ ဖမ်းဆီးမှုမှ လွတ်ကင်းနေကြပြီး ရောင်းချသူအရေအတွက်မှာ တစ်နေ့တခြားများပြားလာပါတယ်။ မူးယစ်ဆေးဝါးအထူးသဖြင့် စိတ်ကြွဆေးများသယ်ဆောင်ရာလမ်းကြောင်းများမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်မှတစ်ဆင့် သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ကျေးရွာကိုဖြတ်၍ ကားလမ်းခရီးဖြင့်အဆင့်ဆင့် သယ်ဆောင်ကာ မန္တလေးတိုင်းဒေသကြီးသို့ ဝင်ရောက်ရာလမ်းကြောင်းမှာ ထင်ရှားပါတယ်။ သပိတ်ကျင်းမြို့နယ်ရဲ့နှစ်အလိုက် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများကို ကျွန်တော်တို့ Power Point မှာ ဖော်ပြထားပါတယ်ခင်ဗျား။ အထက်ပါစာရင်းဇယားများကို ကြည့်ခြင်းအားဖြင့် ခရိုင်မူးယစ်အထူးအဖွဲ့ရဲ့ ဖမ်းဆီးရမိမှုဟာ နယ်မြေခံရဲတပ်ဖွဲ့ထက် ဖမ်းဆီးရမိတဲ့အမှုအရေအတွက်က နှစ်ဆခန့်ပိုမိုများပြားတာကို တွေ့ရပါတယ်။ အဲ့ဒါကို ကြည့်ခြင်းအားဖြင့် ခရိုင်မူးယစ်အထူးအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါးဖမ်းဆီးနှိမ်နင်းတဲ့အပိုင်းမှာ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝတာကို တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ခရိုင်မူးယစ်အထူးအဖွဲ့အနေနဲ့ သပိတ်ကျင်းမြို့နယ်အတွင်းမှာ အချိန်ပြည့်အမြဲတမ်းတာဝန်မထမ်းဆောင်နိုင်ခြင်းကလည်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးမှာ လိုအပ်ချက်တစ်ခုအနေနဲ့ ရှိနေပါတယ်။ တရားစွဲဆိုမှုအပိုင်းမှာ မြို့နယ်တရားရုံးမှာ တရားစွဲဆိုမှုထက် ပြင်ဦးလွင်ခရိုင်တရားရုံးမှာ တရားစွဲဆိုမှုဟာ အမှုပေါင်းလေးဆခန့်ပိုမိုများပြားတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ခရိုင်ရုံးသို့ ပို့ရတဲ့မူးယစ်အမှုတစ်ခုအတွက် အကြောင်းအမျိုးမျိုးကြောင့် ပြင်ဦးလွင်ခရိုင်ရုံးသို့ တစ်ကြိမ်မက သွားရောက်ရတဲ့ ရဲဝန်ထမ်းများဟာ နိုင်ငံတော်မှပံ့ပိုးတဲ့ကုန်ကျစရိတ်ထက် ပိုမိုကုန်ကျလာပြီးတော့ မိမိကိုယ်ပိုင်ငွေမှ စိုက်ထုတ်ကျခံသူများလည်း ရှိလာပါတယ်။ အဆိုပါအချက်မှာ မြို့နယ်

အဆင့်ရဲဝန်ထမ်းများအတွက် အခက်အခဲတစ်ခုဖြစ်ပါတယ်။ ဖမ်းလိုက်မှပဲ အလုပ်တွေပိုရှုပ်၊ ကိုယ့်အိတ်ထဲကပိုက်ဆံလည်းကုန်၊ မဖမ်းဘဲနေလိုက်ရတာကမှ ကောင်းလိမ့်အုံးမယ်လို့ တွေးထင်လာနိုင်ပြီးတော့ ရေရှည်မှာဖမ်းဆီးရရှိမည့် အမှုအရေအတွက်ပါ လျော့ကျလာနိုင်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ စွမ်းဆောင်ရည်အပြည့်အဝရရှိဖို့က ခက်ခဲလာမှာဖြစ်ပါတယ်။ လက်ရှိအနေအထားအရ သပိတ်ကျင်းမြို့နယ်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ပံ့ပိုးမှုနဲ့ ရပ်ကွက်ကျေးရွာအုပ်စုများမှ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှကွင်းဆင်း၍ ရပ်ကျေးအုပ်စုအလိုက် ဟောပြောပွဲများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးသိကောင်းစရာများ၊ စာသင်ကျောင်းများတွင် ကျောင်းသူကျောင်းသားများကို မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ပါတယ်။ သပိတ်ကျင်းမြို့နယ်ဟာ မြို့နယ်ဧရိယာကျယ်ဝန်းမှု၊ ရဲတပ်ဖွဲ့ဝင်အင်အားမလုံလောက်မှု၊ သတင်းရသည့်နေရာသို့ အချိန်မီရောက်ရှိနိုင်ဖို့ရန်မော်တော်ယာဉ်မလုံလောက်မှု၊ မြို့နယ်မူးယစ်အထူးအဖွဲ့မရှိမှု၊ ခရိုင်ရုံးသို့ တရားစွဲဆိုတင်ပို့ရာမှာ တွေ့ကြုံရမည့်အခက်အခဲစသည့်အကြောင်းများကြောင့် သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးနှိမ်နင်းရာမှာ ထင်သရောက်ခရီးမပေါက်ဖြစ်ရပါတယ်။ ထို့ကြောင့် သပိတ်ကျင်းမြို့နယ် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိရောက်စွာနှိမ်နင်းနိုင်ဖို့ရာ မြို့နယ်မူးယစ်အထူးအဖွဲ့ကို ဖွဲ့စည်းတာဝန်ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မော်တော်ယာဉ်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မှုရှိ/မရှိနှင့် ပြင်ဦးလွင်ခရိုင်တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင် ရဲတပ်ဖွဲ့ဝင်တို့၏ တွေ့ကြုံရသည့် အခက်အခဲကို အဆင်ပြေအောင်မည်သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။ အားလုံးပဲ ဘုန်းကြီးအသက်ရှည်ကျန်းမာလိုရာပြည့်စုံကြပါစေခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၄-၇-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အားအဖွဲ့ဝင် ၁၆ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းပြီး

လုပ်ငန်းတာဝန်များသတ်မှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် မူးယစ်ဗဟိုအဖွဲ့အောက်ရှိ တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့၊ အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးစီမံခန့်ခွဲမှုအဖွဲ့၊ သီးနှံများအစားထိုး စိုက်ပျိုးရေးအဖွဲ့၊ မွေးမြူရေးအဖွဲ့၊ ဆေးကုသရေးအဖွဲ့၊ ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသား လူငယ်များ အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား အသိပညာပေးရေးလှုံ့ဆော်ရေးအဖွဲ့၊ နိုင်ငံတကာဆက်ဆံရေးအဖွဲ့နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့စတဲ့ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့ဟာ လုပ်ငန်းစီမံချက်များချမှတ်၍ မူးယစ်ဆေးဝါးထုတ်လုပ်မှုလျှော့ချရေးနှင့် သုံးစွဲမှုလျှော့ချရေး အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်မန္တလေး(မြောက်ပိုင်း)နှင့် မန္တလေး(တောင်ပိုင်း) မူးယစ် အထူးအဖွဲ့နှစ်ဖွဲ့ထားရှိခဲ့ရာမှာ ၈-၈-၂၀၁၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အဖွဲ့ခွဲ(၁) မန္တလေး၊ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်၊ မူးယစ် တပ်ဖွဲ့စု (၁၇) မန္တလေး(မြောက်ပိုင်း)၊ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)နှင့် မူးယစ်တပ်ဖွဲ့စု (၁၉) မန္တလေး(လေဆိပ်)တို့အား တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ မူးယစ်တပ်ဖွဲ့စုရဲ့ ဖွဲ့စည်းပုံမှာ အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၂၅ ဦး၊ စုစုပေါင်း ၃၆ ဦးဖြစ်ပြီး မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှာ အရာရှိခြောက်ဦး၊ အခြားအဆင့် ၁၆ ဦး၊ စုစုပေါင်း ၂၂ ဦး၊ မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး(မြောက်ပိုင်း)မှာ အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၂၃ ဦး၊ စုစုပေါင်း ၃၃ ဦး၊ မူးယစ်တပ်ဖွဲ့စု (၁၈) မန္တလေး(တောင်ပိုင်း)မှာ အရာရှိ ၁၁ ဦး၊ အခြားအဆင့် ၂၂ ဦး၊ စုစုပေါင်း ၃၃ ဦးနှင့် မူးယစ်တပ်ဖွဲ့စု (၁၉) မန္တလေး(လေဆိပ်)မှာ အရာရှိ ငါး ဦး၊ အခြားအဆင့် ကိုး ဦး၊ စုစုပေါင်း ၁၄ ဦးတို့ဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်မှာ မူးယစ်တပ်ဖွဲ့စု(၁၆) ပြင်ဦးလွင်မှ အရာရှိနှစ်ဦး၊ အခြား အဆင့် လေးဦး၊ စုစုပေါင်းခြောက်ဦးတို့အား ၁၆-၆-၂၀၁၈ ရက်မှစတင်၍ အင်အားထုတ်နုတ်ပြီး နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများနှင့် မူးယစ် ဆေးဝါးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျောင်းသားကျောင်းသူ၊ ပြည်သူလူထုအတွင်း အသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ၂၀၁ ကြိမ်၊ တက်ရောက်သူဦးရေ ၁၀၆၄၈ ဦးတို့အား မူးယစ်ဆေးဝါးအသိပညာပေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဇူလိုင်လ အထိ ၇၆ မှု၊ တရားခံ ၁၂၇ ဦး၊ ဘိန်းဖြူ ၂.၄၉၁ ကီလို၊ ဘိန်း ၀.၀၀၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၂၉၁ ပြား၊ ထရာမဒေါလ်ဆေးတောင့် ၅၇ တောင့်တို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါတယ်။ မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ မော်တော်ယာဉ် ၁၉၄ စီးထုတ်ပေးလျက်ရှိရာ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့အတွက် အသုံးပြုရန်အတွက် Double Cab တစ်စီး၊ Foton အချုပ်ယာဉ် တစ်စီးအားလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲ(၁) မန္တလေးကွပ်ကဲမှုအောက် ရှိ မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်တွင် အသုံးပြုရန်အတွက် Double Cab ၁ စီးအား ထုတ်ပေးထားရှိ

ပြီးဖြစ်ပါတယ်။ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့မှ ပြင်ဦးလွင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ရသည့်အမှုများနှင့်ပတ်သက်၍ ဥပဒေအကြံပြုချက်တောင်းခံခြင်း၊ တရားခံများပို့ဆောင်ခြင်း၊ သက်သေခံသွားရောက်ခြင်း၊ သက်သေခံပစ္စည်းများ တရားရုံးသို့ တင်ပို့ရန် သယ်ဆောင်ခြင်းများပြုလုပ်ရာမှာ မော်တော်ယာဉ်ငှားရမ်းသုံးစွဲရသဖြင့် ခရိုင်တရားရုံသို့ တရားစွဲတင်ပို့သောအမှုများအတွက် အသုံးပြုခြင်းများမှာ မော်တော်ယာဉ်လိုအပ်လျက်ရှိပါတယ်။ သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့မှ လိုအပ်တဲ့မော်တော်ယာဉ် ဝယ်ယူဖြည့်တင်းပေးနိုင်ရန်အတွက်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် (မူလ) ခန့်မှန်းခြေစာရင်းတွင် တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲစခန်းများရှိအမှုစစ်လုပ်ငန်းများအတွက် ကြိုတင်ငွေများထုတ်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြို့မရဲစခန်း တစ်ခုအတွက် ၈၀၀၀၀၀ ကျပ်၊ နယ်မြေရဲစခန်း တစ်ခုအတွက် ၂၅၀၀၀၀ ကျပ်ထုတ်ပေးထားရှိပြီး အမှုစုံစမ်းထောက်လှမ်းခြင်းအတွက် ကုန်ကျစရိတ်များ ထုတ်ပေးထားရှိသည့်ငွေမှ သုံးစွဲခွင့်ပြုထားပြီးဖြစ်ပါတယ်။ အမှုများစုံစမ်းစစ်ဆေးရာမှာ ကုန်ကျစရိတ်များအား ၂၀၁၅ ခုနှစ်မှစ၍ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး တရားခံသယ်ယူပို့ဆောင်စရိတ်အနေဖြင့် အမှုကြီးတစ်မှု ၅၀၀၀၀ ကျပ်၊ အခြားအမှုတစ်မှု ၃၀၀၀၀ ကျပ်နှင့် ကြိုတင်ကာကွယ်မှု တစ်မှု ၁၀၀၀၀ ကျပ်၊ အမှုစုံစမ်းစစ်ဆေးစရိတ်အနေဖြင့် တစ်မှု ၁၀၀၀၀ ကျပ်ခွင့်ပြုပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁-၃-၂၀၁၇ ရက်စွဲပါစာဖြင့် အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများအတွက် သုံးစွဲကုန်ကျနိုင်မည့်ငွေပမာဏအား ပျမ်းမျှပြု၍ ယေဘူယျသတ်မှတ်ချက်အနေဖြင့် ဖော်ပြထားခြင်းသာဖြစ်ပါတယ်။ မြေပြင်မှာ အမှန်တကယ်သုံးစွဲရသည့်ကုန်ကျစရိတ်များဟာ ယေဘူယျအကြမ်းဖျင်းသတ်မှတ်နှုန်းထားများထက်ပိုမိုသုံးစွဲခြင်း၊ လျော့နည်းသုံးစွဲခြင်းတို့အပေါ် လိုအပ်ချက်ရှိပါက ရန်ပုံငွေများ တင်ပြတောင်းခံဆောင်ရွက်သွားကြရန်လည်းကောင်း၊ ၂၆-၅-၂၀၁၇ ရက်စွဲပါစာဖြင့် အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများမှာ အမှန်ကုန်ကျငွေများ တင်ပြတောင်းခံရန်အတွက် အကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။ ထို့အပြင် အမှုစုံစမ်းစစ်ဆေးဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများမှာ အမှန်ကုန်ကျစရိတ်များကို အမှုစစ်များအား အချိန်မီသက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ထုတ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ငွေထုတ်စာရင်းဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။

သို့ပါ၍ သပိတ်ကျင်းမြို့နယ်အတွင်း မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ ၁၆-၆-၂၀၁၈ ရက်နေ့မှစ၍ အရာရှိနှစ်ဦး၊ အခြားအဆင့်လေးဦး၊ စုစုပေါင်းခြောက်ဦးတို့အား ထုတ်နုတ်၍ နယ်မြေခံရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း သပိတ်ကျင်းမြို့နယ်ရဲတပ်ဖွဲ့အတွက် လိုအပ်တဲ့မော်တော်ယာဉ်ဝယ်ယူရန်အတွက်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်(မူလ)ခန့်မှန်းခြေစာရင်းတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများမှ အမှန်တကယ်ကုန်ကျစရိတ်များကို အမှုစစ်များ အချိန်မီသက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်များအလိုက် ထုတ်ပေးနိုင်ရေးအတွက်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး

နှစ်မှစတင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ငွေထုတ်စာရင်းဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရာထူးတာဝန်များကို အမျိုးသမီးများ ခန့်အပ်ထားရှိ တာဝန်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းဖြစ်ပြီးတော့မှ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရာထူးတာဝန်များမှာ အမျိုးသမီးများကို ခန့်အပ်တာဝန်ပေးရန်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ဦးစီးဌာနတစ်ခုဖြစ်ပြီးတော့ မြန်မာနိုင်ငံရဲ့ အခြေခံအကျဆုံးအုပ်ချုပ်ရေးယန္တရားကို လည်ပတ်ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်ကျေးရွာပေါင်း ၁၆၇၀၀ ခန့်ပါဝင်တဲ့ ဒေသန္တရအုပ်ချုပ်ရေးစနစ်တစ်ခုလုံးကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ ရည်မှန်းချက်တာဝန်များကတော့ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ဖြစ်ပါတယ်။ လုပ်ငန်းတာဝန်များကတော့ မြေခွန်၊ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်နှင့် တာတမံခွန် စတဲ့အခွန်လေးမျိုးကောက်ခံခြင်းအပြင် ဝန်ကြီးဌာနမှ သီးခြားပေးအပ်တဲ့လုပ်ငန်းတာဝန်များ၊ အခြားဝန်ကြီးဌာနများမှ အပ်နှင်းလာတဲ့လုပ်ငန်းတာဝန်များနှင့် ဌာနပေါင်းစုံညှိနှိုင်းပေါင်းစပ်ပေးတဲ့တာဝန်များကိုပါ ထမ်းဆောင်ရပါတယ်။ နိုင်ငံရဲ့ ၂၀၁၄ ခုနှစ် လူဦးရေအရ နိုင်ငံမှာ ၅၁.၅ သန်းခန့်လူဦးရေရှိပါတယ်။ အမျိုးသမီးဦးရေဟာ အမျိုးသားဦးရေထက်ပိုများပါတယ်။ ကမ္ဘာမှာလည်း ဒီတိုင်းပါပဲ။ အမျိုးသားထက် အမျိုးသမီးဦးရေပိုများပါတယ်။ ခေတ်ဟောင်းစနစ်ဟောင်းကာလများမှာ ကျား/မရှင်သန်ဖြစ်တည်မှုအပေါ်မှာ အင်အားကြီးသူအမျိုးသားများဟာ ဦးစီးဦးဆောင်သူများအဖြစ်နဲ့နှစ်ပေါင်းရှည်ကြာစွာရှိခဲ့ပါတယ်။ ပြောင်းလဲလာတဲ့ခေတ်စနစ်တွေမှာ ဉာဏအားကိုမှန်ကန်စွာအသုံးချလာကြပြီး လယ်ယာကဏ္ဍပေါင်းစုံမှာ ဦးဆောင်နိုင်သူများဟာ အမျိုးသား/အမျိုးသမီး ခွဲခြားလို့မရတော့ပါဘူး။ အိမ်ထောင်ပြုသားမွေးဆိုတဲ့ မိခင်ရဲ့ဂုဏ်ရည်ကို ဖော်ပြတဲ့စာသားကနေမောင်တစ်ထမ်း မယ်တစ်ရွက်ဖြစ်လာခဲ့ပြီးတော့မှ ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်စိုး၏ဆိုသောစကားပေါ်ပေါက်လာအောင် စွမ်းဆောင်ရည်တွေရှိလာကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာသက်ဦးဆံပိုင်ဘုရင်ဖြစ်တဲ့ ဘုရင်မကြီး ရှင်စောပု၊ ပုဂံခေတ်မှာ ရဟန်းတော်တွေကို စာချခဲ့တဲ့ သံပြင်မင်းသမီး၊ နယ်ချဲ့တော်လှန်ရေးခေတ်မှာ သူရဲကောင်း သူရမချစ်ပိုတို့လို ထူးချွန်ထက်မြက်တဲ့ မြန်မာအမျိုးသမီးများစွာရှိခဲ့ပါတယ်။ ဒီနေ့ခေတ်မှာလည်း အမျိုးသမီးများဟာ အမျိုးသားများနဲ့ တန်းတူရင်ဘောင်တန်းရုံတင်မကဘဲ အချို့နေရာတွေမှာ ရှေ့ရောက်နေကြတာတွေ့ရပါတယ်။ အထူးသဖြင့်

အနာဂတ်လူငယ်များအတွက် အရေးပါတဲ့ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ တာဝန်အများအပြား ယူထားတာ အမျိုးသမီးများဖြစ်ပါတယ်။ အခြားဌာနများနှင့် တပ်မတော်၊ ရဲတပ်ဖွဲ့ဌာနများမှာတောင် အမျိုးသမီးအရာရှိကြီးတွေ တွေ့နေရပါပြီ။ အားကစား၊ စီးပွားရေး၊ စွန့်ဦးတီထွင်မှု၊ နိုင်ငံတည်ဆောက်ရေး၊ ဝန်ဆောင်မှု၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စတဲ့နယ်ပယ်တိုင်းလိုလိုမှာလည်း အမျိုးသမီးများ ဦးဆောင် နေရာယူနေပါပြီ။ အခြေခံအကျဆုံးရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာမှာတောင် အမျိုးသမီး အုပ်ချုပ်ရေးမှူးအဖြစ် ၉၇ ဦးကို ပြည်သူကရွေးချယ်နိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံး လွှတ်တော် ကိုယ်စားလှယ် ၁၀၂၅ ဦးရှိတဲ့နေရာမှာ အမျိုးသမီးလွှတ်တော်အမတ် ၁၅၀ ကျော်အထိ ပါရှိနေပါပြီ။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အထိအမျိုးသမီးများ ဖြစ်နေပါပြီ။ မေးခွန်းမှာပါတဲ့ မြို့နယ်/ခရိုင်/ တိုင်း အုပ်ချုပ်ရေးမှူးရာထူးတာဝန်များမှာတော့ အမျိုးသမီးတစ်ဦးတစ်ယောက်မှ မတွေ့ရပါဘူး။ ရာထူးတူရင်တောင်မှာ ရုံးအဖွဲ့မှာပဲ နေရာပေးထားတာတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါ။ ဒီပုံကတော့ ကျွန်တော်တို့လူထုခေါင်းဆောင် ကမ္ဘာကလေးစားရတဲ့ ငြိမ်ချမ်းရေးနိုဘယ်လ်ဆုရှင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒီဘက်ကတော့ ကမ္ဘာမှာသြဇာအရှိဆုံး အမျိုးသမီးတစ်ဦးဖြစ်ပြီးတော့ ဥရောပသမဂ္ဂမှာ သြဇာအရရောာ၊ စီးပွားရေးအရပါ အင်အားအတောင့်တင်းဆုံးနိုင်ငံကို ထူထောင်နိုင်ခဲ့ တဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(CEDAW)ကို ၁၉၉၇ ခုနှစ်၊ ဇူလိုင် ၂၂ ရက်နေ့မှာ လက်မှတ်ထိုးပြီးဖြစ်ပါတယ်။ တစ်ခါ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၊ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၅၂ မှာ နိုင်ငံတော်သည် အလုပ်အကိုင် ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်ထားသော အရည်အချင်းတွေပြည့်စုံပါက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ် ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာလျော်ကန်သင့်မြတ်သည့်ရာထူး တာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ် စေရလို့ ဖော်ပြထားတာတွေ့ရပြန်ပါတယ်။ ဒီ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီနေ့ ၁၀ နှစ် ရှိနေပါပြီ။ အဲဒီတော့ ဒီ ၁၀ နှစ်အတောအတွင်းမှာလည်း ကမ္ဘာကြီးဟာ Gender ခွဲခြားမှုအရ မရှိတော့ပါဘူး။ နောက်တစ်ခါ ဒီအမျိုးသားများနှင့်တာ သင့်လျော်သင့်မြတ်တဲ့ရာထူးတာဝန်ဆိုတာ ကလည်း Definition မှာ တိတိကျကျဖော်ပြထားခြင်းမရှိတဲ့အတွက် ဝန်ထမ်းခန့်ထားတဲ့နေရာမှာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးရာထူးတာဝန်များကို အမျိုးသမီးများ ခန့်ထားပေးဖို့ အစီအစဉ်ရှိ/မရှိသိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မင်းသိန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တဲ့ တရား ဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ကိစ္စရပ်များ ဆောင်ရွက်ရာမှာ လုပ်ငန်းသဘောသဘာဝအရ အခြေအနေအချိန်အခါမရွေး တာဝန် ထမ်းဆောင်နိုင်ရန်လိုအပ်ပြီး ဥပဒေအရ အပ်နှင်းထားတဲ့လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင် နိုင်ရန်အတွက် ဝင်ပေါက်ရာထူးများဖြစ်သော ဦးစီးအရာရှိ/မြို့နယ်အုပ်ချုပ်ရေးမှူးရာထူးနေရာများ အတွက် ပြင်ပပုဂ္ဂိုလ်များအား အလုပ်လျှောက်လွှာခေါ်ယူခဲ့ရာမှာ လုပ်ငန်းသဘောသဘာဝအရ အမျိုးသားများကိုသာ ယခင်က သီးခြားခေါ်ယူခဲ့သည်များရှိခဲ့ပါတယ်။ ထို့အပြင် ဌာနတွင်း အရာထမ်းငယ်ရာထူးများ ဖြည့်စွက်ရာတွင် လုပ်ငန်းသဘောသဘာဝအရ အမျိုးသားများကို ဦးစား ပေးခဲ့ပြီး ရာထူးများတိုးမြှင့်ခန့်ထားရာမှာလည်း အမျိုးသမီးဝန်ထမ်းများကို အမြင့်ဆုံးရာထူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးအဆင့်ထိ ရာထူးတိုးမြှင့်ပေးခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှစတင်၍ ဝင်ပေါက် ရာထူးဖြစ်သော ဦးစီးအရာရှိရာထူး နေရာများအတွက် ခေါ်ယူရာမှာ အမျိုးသား/အမျိုးသမီး ခွဲခြား ခြင်းမရှိဘဲ ခေါ်ယူဆောင်ရွက်လျက်ရှိပြီး ရာထူးများတိုးမြှင့်ခန့်ထားရာတွင်လည်း အမျိုးသမီးဝန်ထမ်း များကို ဝန်ကြီးဌာနအနေဖြင့် အမြင့်ဆုံးခန့်အပ်ပိုင်ခွင့်ရှိတဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ထိ တိုးမြှင့်တာဝန်ပေးအပ်ပြီး တာဝန်ထမ်းဆောင်စေလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယခုအခါမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ ညွှန်ကြားရေးမှူးသုံးဦး၊ ဒုတိယညွှန်ကြားရေးမှူး ၁၃ ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ၅၉ ဦး၊ ဦးစီးအရာရှိ ၁၆ ဦးနှင့် ဒုတိယဦးစီးမှူး ၅၅၆ ဦးဖြင့် စုစုပေါင်း အမျိုးသမီးဝန်ထမ်း ၆၄၈ ဦး တာဝန်ထမ်းဆောင် လျက်ရှိပါတယ်။ အုပ်ချုပ်ရေးတာဝန်အဖြစ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်ကို တစ်ဦး တာဝန် ထမ်းဆောင်လျက်ရှိပြီး ယခုအခါမှာ ရာထူးတိုးမြှင့်ရရှိသဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးတာဝန်ကို အမျိုးသမီးဝန်ထမ်း ရှစ်ဦး တာဝန်ထမ်းဆောင်ခဲ့ပြီး လေးဦးမှာ တာဝန်ထမ်းဆောင်နေသည့်အနေကြာကာလအရ တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့ပြီး လေးဦးမှာ ယခုတိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

သို့ပါ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ အုပ်ချုပ်ရေးမှူးရာထူးအဆင့်ဆင့်အတွက် လုပ်ငန်းသဘောသဘာဝကိုအခြေခံ၍ အမျိုးသားဝန်ထမ်းများကိုသာ ဦးစားပေးရာထူးတိုးမြှင့်ခန့်ထားခဲ့သော်လည်း ယခုအခါမှာ ပြောင်းလဲကျင့်သုံးလာတဲ့ လူနေမှု ပတ်ဝန်းကျင် အမြင်၊ အုပ်ချုပ်ရေး သဘောတရားတို့ကိုချိန်ဆ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တန်းစီဇယားအလိုက် ရာထူးတိုးမြှင့်ပေးလျက်ရှိသဖြင့် အမျိုးသမီးဝန်ထမ်းများသည်လည်း ထိုက်သင့်သည့်ရာထူးနေရာများ ရရှိလာမှာဖြစ်ပါကြောင်းနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိတဲ့ အရာထမ်းငယ်အမျိုးသမီးများ အနေဖြင့် ရာထူးများအဆင့်ဆင့်တိုးမြှင့်ရရှိသည့်အချိန်များတွင် အုပ်ချုပ်ရေးမှူးတာဝန်များကို ထမ်းဆောင်ခွင့်ရရှိလာကြမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတာက လက်ရှိဝန်ထမ်းခန့်ထားတာကိုပြောတာမဟုတ်ပါဘူး။ လက်ရှိမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးရာထူးတာဝန်များကို အမျိုးသမီးတွေကို ဘယ်ချိန်မှာစတင်ခန့်ထားမလဲလို့မေးတာပါ။ ယခုလက်ရှိ လက်ထောက်ညွှန်ကြားရေးမှူးရာထူးလည်းရှိပါတယ်။ ဒုတိယညွှန်ကြားရေးမှူးရာထူးလည်းရှိပါတယ်။ ညွှန်ကြားရေးမှူးရာထူးတွေလည်းရှိပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးတွေလည်းရှိပါတယ်။ သို့ပေမဲ့ မြို့နယ်/ခရိုင်/တိုင်းတွေရဲ့အုပ်ချုပ်ရေးမှူးနေရာများမှာတော့ သူတို့တာဝန်မထမ်းဆောင်ရပါဘူး။ ရုံးတွေမှာပဲ တာဝန်ထမ်းဆောင်ပေးရတာဖြစ်ပါတယ်။ သို့အတွက်ကြောင့်မို့လို့ သူတို့ကိုလည်း လက်ရှိ မြို့နယ်/ခရိုင်/တိုင်း အုပ်ချုပ်ရေးမှူးရာထူးတာဝန်များမှာ ဘယ်အချိန်မှာ စတင်ပြီးတော့မှ ထမ်းဆောင်နိုင်မလဲ အခြေအနေကို သိချင်တဲ့အတွက် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ အမျိုးသမီးဝန်ထမ်းများကို ရာထူးအဆင့်ဆင့်တိုးမြှင့်ရရှိပြီးတော့မှ အုပ်ချုပ်ရေးမှူးရာထူးများကိုလည်း မကြာခင်အချိန်အတွင်းမှာ ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကျွန်တော်ရှင်းလင်းဖြေကြားချက်ထဲမှာလည်းပါပါတယ်။ ဒါကတော့ အချိန်တစ်ခုအတွင်းမှာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

### ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်မိုင်နှုန်းအရှိန်ထက် ပိုမိုမောင်းနှင်နေသောကားများအား မည်သို့မည်ပုံဖမ်းဆီးအရေးယူနေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးအပါအဝင် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြလိုတဲ့မေးခွန်းကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာရှိတဲ့ ကားများ သတ်မှတ်မိုင်နှုန်းအရှိန်ထက် ပိုမောင်းသောကားများကို မည်သို့မည်ပုံဖမ်းဆီးအရေးယူနေခြင်းနှင့် ပတ်သက်တဲ့မေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အခုလို မေးခွန်းပေါ်ပေါက်လာရခြင်းအကြောင်းကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ရန်ကုန်မြို့အဝင် တိုးဂိတ်မှာ သတ်မှတ်မိုင်နှုန်းအရှိန်ထက် ပိုမိုမောင်းနှင်သောကားများကို ဖမ်းဆီးအရေးယူနေသော ယာဉ်ထိန်းရဲ အများကြီးတွေ့ရတယ်။ အဲဒီနေရာကနေပြီးတော့ ငါးမိနစ်ခန့်မောင်းရုံနဲ့ ရောက်ရှိနိုင်တဲ့ ထောက်ကြန့်လမ်းဆုံမှာတော့ ယာဉ်ကြောပိတ်ဆို့မှုတွေဖြစ်ပြီးတော့ မီးပွိုင့်ကိုလည်း ဂရုမပြုဘဲ မောင်းနှင်နေတဲ့ မော်တော်ယာဉ်များကို ထိန်းကျောင်းပေးမယ့် ယာဉ်ထိန်းရဲမရှိတာကစပြီးတော့ သတိထားမိပြီး ဒီမေးခွန်းပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ အခုဆိုရင်လည်း ယာဉ်ကြောပိတ်ဆို့မှုကို အကြောင်းပြုပြီးတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ခုံးကျော်တံတားတည်ဆောက်မယ်လို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဘတ်ဂျက်ထည့်သွင်းတောင်းဆိုတာလည်း တွေ့ရပါတယ်။

ဒါကြောင့် မို့လို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မှာရှိတဲ့တိုးဂိတ်များမှာ သတ်မှတ်မိုင်နှုန်းအရှိန်ထက်ပိုမိုမောင်းနှင်နေသောကားများကို ဒဏ်ငွေတပ်၍ ဖမ်းဆီးနေခြင်းကြောင့် ယာဉ်မတော်တဆမှုများ ပိုမိုလျော့နည်းလာတယ်လို့ ထင်ရပါတယ်။ ရည်ရွယ် ချက်ကောင်းတစ်ခုဖြစ်တယ်လို့လည်း မှတ်ယူပါတယ်။ သို့ပါသော်လည်း ထိုစီမံချက်ကို မည်သည့်ဌာန၊ မည်သည့်အဖွဲ့အစည်းက ဦးဆောင်နေခြင်းဖြစ်သလဲ။ မည်သူတို့နှင့်ဖွဲ့စည်းထားသလဲ။ စတင် ဖွဲ့စည်းချိန်ကနေပြီးတော့ ယနေ့အချိန်အထိ တိကျစွာသိရှိလိုပါတယ်။ ဒါ့အပြင် ဖမ်းဆီးအရေးယူခံရ သော ယာဉ်မောင်းများအား တရားရုံးမှ ဒဏ်ရိုက်တဲ့ငွေကြေးများဟာလည်း နောက်ဆုံးဘယ်ဌာနသို့ ရောက်ရှိသွားပါသလဲဆိုတာလည်း သိရှိချင်ပါတယ်။ ဒဏ်ကြေးငွေကို မည်သူက မည်သည့်ရည်ရွယ် ချက်ဖြင့် ၅၀၀၀၀ ကျပ်သတ်မှတ်ခဲ့ပါသလဲဆိုတာလည်း သိရှိလိုပါတယ်။ အဲဒီကိစ္စသည်လည်း မျှတမှု ရှိပါလားလို့လဲ မေးချင်ပါတယ်။ သတ်မှတ်မိုင်နှုန်းထက် အရှိန်ပိုမောင်းတဲ့ကားတွေကို မည်ကဲ့သို့ သော အထောက်အထားဖြင့် ဖော်ပြဖမ်းဆီးနေပါသလဲ။ ဖမ်းဆီးအရေးယူနေတဲ့ တာဝန်ရှိပုဂ္ဂိုလ်များကို လည်း အဂတိတရားကင်းစင်မှုရှိအောင် မည်ကဲ့သို့ထိန်းကျောင်းထားပါသလဲ။ ယခုကဲ့သို့ ဖမ်းဆီး အရေးယူမှုပြုလုပ်သည်ကို လူထုအား အသိပညာပေးမှုအား လုံလောက်မှုကော ရှိနေပြီလား။ ဒီစီမံချက်ကို မည်သည့်ကာလအချိန်အထိ သတ်မှတ်သွားမယ်ဆိုတာကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး

ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦး မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်မှာ တစ်နေ့ပျမ်းမျှယာဉ်စီးရေ ၂၅၀၀၀ ခန့် ဖြတ်သန်း သွားလာလျက်ရှိပြီး ယာဉ်မတော်တဆမှုများမှာလည်း နေ့စဉ်နှင့်အမျှ ဖြစ်ပွားလျက်ရှိပါတယ်။ ယာဉ်မတော်တဆမှုဖြစ်ပွားမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှာ ၇၄၄ မှု၊ သေဆုံးသူ ၁၇၀ ဦး၊ ဒဏ်ရာရရှိသူ ၁၃၀၄ ဦး၊ ၂၀၁၇ ခုနှစ်မှာ ၅၅၅ မှု၊ သေဆုံးသူ ၁၁၆ ဦး၊ ဒဏ်ရာရရှိသူ ၈၆၃ ဦး၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ၂၅၉ မှု၊ သေဆုံးသူ ၅၄ ဦး၊ ဒဏ်ရာရရှိသူ ၅၂၇ ဦးရှိပါတယ်။ အမျိုးသား ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကို ၅-၇-၂၀၁၄ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပြီး ၃၁-၅-၂၀၁၆ ရက်နေ့မှာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ စုစုပေါင်း ၃၅ ဦးဖြင့် ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားယာဉ်အန္တရာယ်/လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဟာ ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက်ကို ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ခုနှစ် ကာလအထိသတ်မှတ်၍ ကဏ္ဍ ၁၂ ခုရေးဆွဲပြီး စီမံချက်ကာလအတွင်း နှစ်စဉ် လူသေဆုံးမှု ၅၀ ရာခိုင်နှုန်းလျှော့ချရန် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ စီမံချက်တွင် ပါဝင်တဲ့ဝန်ကြီးဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ အမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့အား ၂၀-၅-၂၀၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဖွဲ့စည်းပုံအရ ၅၂.၇၉ ရာခိုင်နှုန်းဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဟာ မိုင်ပေါင်း ၃၆၆ မိုင်အရှည်ရှိတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများလုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေ့/ည မပြတ် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဖြင့် ယာဉ်မောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။

အမြန်လမ်းမကြီးတစ်လျှောက် သွားလာနေတဲ့မော်တော်ယာဉ်များ ယာဉ်အန္တရာယ်ကင်းရှင်းနိုင် ရေးအတွက် စည်းကမ်းလိုက်နာနိုင်ရေးနှင့် သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်ပါက ယာဉ်အန္တရာယ် ဖြစ်စေနိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းကြော်ငြာခြင်း၊ Skynet up to Date အစီအစဉ်မှတစ်ဆင့် အသိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် သတ်မှတ် မိုင်နှုန်းထက်ပိုမိုမောင်းနှင်သူများအား ၁-၈-၂၀၁၆ ရက်နေ့မှ ၃၁-၈-၂၀၁၆ ရက်နေ့အထိ စစ်ဆေး ကြပ်မတ်ခဲ့ပြီး ယာဉ်မောင်း ၁၃၁၃ ဦးအား ဝန်ခံကတိပြုလက်မှတ်ရေးထိုး၍ သတိပေးဆောင်ရွက်ခဲ့ပါ တယ်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဟာ အမြန်လမ်းမကြီး ပေါ်မှာ ဖြတ်သန်းသွားလာလျက်ရှိတဲ့ မော်တော်ယာဉ်များအနက် သတ်မှတ်မိုင်နှုန်းဖြစ်တဲ့ ကီလိုမီတာ ၁၀၀ အထက် ပိုမိုမောင်းနှင်တဲ့မော်တော်ယာဉ်များအား ခေတ်မီ Red Flex(Radar System)စနစ်သုံး ရွေ့လျားတိုင်းတာဖမ်းဆီးတဲ့စက်များကိုအသုံးပြုပြီး ယာဉ်များရဲ့ပုံရိပ်တည်နေရာ၊ အချိန်၊ ယာဉ်ရဲ့

အရှိန်နှုန်းတို့ကို မှတ်တမ်းဓာတ်ပုံရယူခဲ့ပါတယ်။ ထိုမှတ်တမ်းဓာတ်ပုံများကို Viber စနစ်ဖြင့် တိုးဂိတ်၊ မီနီတိုးဂိတ်များရှိ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့(အမြန်လမ်း)၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေး အဖွဲ့များပါဝင်တဲ့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များထံသို့ပေးပို့ပြီး စည်းကမ်းဖောက်ဖျက်တဲ့ ယာဉ်မောင်းသူ အား ယင်းမှတ်တမ်းကိုပြ၍ မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၉ မှာ မည်သူမျှ အများပြည်သူဆိုင်ရာနေရာမှာ မော်တော်ယာဉ် ကို သတ်မှတ်ထားတဲ့အမြန်နှုန်းထက်ပိုမိုမောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားတဲ့ အမြန်နှုန်း အောက်လျှော့၍မောင်းနှင်ခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့်မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက် သေစာမူးယစ်သောက်စား၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုလုပ်ရဟု ပြဋ္ဌာန်းပါရှိပါတယ်။ အဆိုပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မော်တော်ယာဉ်ဥပဒေပုဒ်မ ၅၈ တွင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငွေငါးသောင်းထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဟာ မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၉ ကို ဖောက်ဖျက်ပြီး သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်တဲ့ ပြစ်မှု ကျူးလွန်တဲ့ယာဉ်မောင်းများအား ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်အားသိမ်းဆည်း၍ သက်ဆိုင်ရာ အမြန်လမ်းမကြီးရဲစခန်းများမှာ အမှုဖွင့်လှစ်ပြီး သက်ဆိုင်ရာမြို့နယ်တရားရုံးများသို့ မော်တော်ယာဉ် ဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(က)အရ တရားစွဲတင်ပို့ခဲ့ပါတယ်။ ၁-၉-၂၀၁၆ ရက်နေ့မှ ၃၁-၇-၂၀၁၈ ရက်နေ့ အထိ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ လှည်းကူးမြို့နယ်တရားရုံးမှာ ၆၈၆၇ မှု၊ ပဲခူးမြို့နယ်တရားရုံးမှာ ၆၄၇ မှု၊ ဖြူးမြို့နယ်တရားရုံးမှာ ၅၇၃၇ မှု၊ တောင်ငူမြို့နယ်တရားရုံးမှာ ၂၉၅ မှု၊ ဇမ္ဗူသီရိမြို့နယ် တရားရုံးမှာ ၁၁၅၉၃ မှု၊ မိတ္ထီလာမြို့နယ်တရားရုံးမှာ ၁၈၇၆ မှု၊ တံတားဦးမြို့နယ်တရားရုံးမှာ ၅၇၆၇ မှု စုစုပေါင်း ၃၂၇၈၂ မှုမှ ယာဉ်မောင်းသူ ၃၂၇၈၂ ဦးအား တရားစွဲတင်ပို့နိုင်ခဲ့ရာ သက်ဆိုင်ရာ မြို့နယ်တရားရုံးများမှ ဒဏ်ငွေစုစုပေါင်းကျပ် ၁၆၃၉.၁ သန်းအားချမှတ်ခဲ့ပါတယ်။ ထိုဒဏ်ငွေများအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ သက်ဆိုင်ရာမြို့နယ်တရားရုံးများတွင် သတ်မှတ်ထားတဲ့ငွေစာရင်း ခေါင်းစဉ်များဖြင့် မြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ပေးသွင်းလျက်ရှိပါတယ်။

သို့ပါ၍ ဒုတိယသမ္မတဦးဆောင်တဲ့ အမျိုးသားယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်း ရေးကောင်စီမှ စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောမော်တော်ယာဉ်များ အား ခေတ်မီရွေ့လျားတိုင်းတာစက်များဖြင့် အခိုင်အမာမှတ်တမ်းရယူပြီး တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်ခြင်း၊ သက်ဆိုင်ရာ တရားရုံးများက တည်ဆဲဥပဒေပြဋ္ဌာန်းချက် များနှင့်အညီ အမိန့်ချမှတ်ခြင်းဖြစ်ပါကြောင်း၊ တရားရုံးများမှ ငွေဒဏ်အမိန့်ချမှတ်၍ ရရှိသော ဒဏ်ကြေးငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်

သည် တည်ဆဲဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးတဲ့မေးခွန်းထဲမှာ အဂတိတရားကင်းစင်အောင် မည်ကဲ့သို့ ထိန်းကျောင်းသွားပါသလဲဆိုတဲ့အချက်ကို ကျွန်တော်ရှင်းရှင်းလင်းလင်းမကြားလိုက်ပါဘူး။ ဘာဖြစ်လို့ ဒီလိုမေးရသလဲဆိုတော့ ဝန်ကြီးဖြေတဲ့အထဲမှာ ဖမ်းဆီးတဲ့အခါမှာ ရဲတပ်ဖွဲ့တို့၊ ရပ်ကွက်အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ ဒါ့အပြင် မီးသတ်အဖွဲ့အစည်းတွေ ပါတယ်လို့ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ဒီလမ်းပေါ်မှာ အမြဲတမ်းလိုလိုသွားလာနေရတဲ့လူတွေဖြစ်တဲ့အတွက် ကျွန်တော် သတိထားမိသလောက်ကတော့ မတွေ့ပါဘူး။ မြန်မာနိုင်ငံယာဉ်ထိန်းတပ်ဖွဲ့တစ်ခုပဲ တွေ့ပါတယ်။ ဒါကြောင့်မို့လို့ တစ်ခါတစ်ရံမှာ အထောက်အထားမရှိပေမဲ့လည်း တစ်ခါတစ်ရံမှာ ကျွန်တော်တို့ရှေ့မှာပဲ မဖမ်းဘဲနဲ့ လွှတ်ပေးလိုက်တာတွေလည်း ကျွန်တော်တို့တွေ့ပါတယ်။ ဒါမျိုးကို ကျွန်တော်က ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ အဂတိတရားနှင့်ပတ်သက်လို့ ဘယ်လိုထိန်းကျောင်းပါသလဲဆိုတာကို ကျွန်တော် ဆက်စပ်မေးခွန်းအဖြစ် သိချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်ဖြေကြားချက်ထဲမှာ ပါပြီးဖြစ်ပါတယ်။ ခေတ်မီ Red Flex(Radar System)စနစ်သုံး ရွေ့လျားတိုင်းတာရေးစက်တွေတွေနဲ့ ကျွန်တော်တို့က ယာဉ်ကို တိုင်းတာပါတယ်။ တိုင်းတာတဲ့အခါမှာ ယာဉ်ကို အဲဒီအချိန်မှာ ဖမ်းလို့မရပါဘူး။ သက်ဆိုင်ရာဂိတ်တွေရောက်မှသာလျှင် အဲဒီအဖွဲ့ကနေပြီးတော့ စစ်ဆေးပြီးတော့မှ သက်ဆိုင်ရာလိုင်စင်သိမ်းယူခြင်း၊ ပြီးရင်လည်း သက်ဆိုင်ရာတရားရုံးကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ အဖွဲ့နဲ့ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် အဂတိနဲ့ပတ်သက်လို့ ကျွန်တော်တို့အတတ်နိုင်ဆုံးကင်းရှင်းအောင်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**ဝင်းမာလာအောင်ကုမ္ပဏီမှ အများပြည်သူသွားလာသည့်လမ်းအား ပိတ်၍ခြံဝင်းခတ်ထားခြင်းကို ဂရန်ချပေးထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တိုင်ကြားခဲ့၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ဂရန်ပြန်လည်ပယ်ဖျက်ပေးရန် ညွှန်ကြားကြောင်း သိရှိရသော်လည်း တစ်နှစ်ခွဲကျော် ကြာသည့် ယခုထက်တိုင် လမ်းကို ဖွင့်မပေးသည့်ကိစ္စအား ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မက ဒီနေ့ ဂန့်ဂေါမြို့နယ်မှာ အများပြည်သူသွားလာသည့်လမ်းအား ပိတ်၍ ဂရန်ချထားပေးခြင်းကိစ္စကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒီပုံကတော့ မကွေးတိုင်းဒေသကြီးရဲ့မြောက်ဘက်ထိပ်ဆုံးမှာ ဂန့်ဂေါမြို့နယ်က ချင်းပြည်နယ်နဲ့စစ်ကိုင်းတိုင်းဒေသကြီးအစပ်မှာ တည်ရှိပုံဖြစ်ပါတယ်။ ဒါကတော့ Google Map ကနေ စနေနေ့က ယူထားတဲ့ပုံပါ။ မြို့အဝင်လမ်းမကြီးနဲ့ မြို့ပတ်လမ်းမကြီးဆီကို မြို့ရှောင်လမ်းအဖြစ် ဝင်လာတဲ့လမ်းထိပ်မှာ ပိတ်နေတဲ့ပုံပါ။ ၁၉၉၀ ခုနှစ်မတိုင်မီက မြို့အဝင်လမ်းမကြီးဟာ တစ်လမ်းသွားဖြစ်လို့ အလွှန်ကျဉ်းမြောင်းတဲ့ အတွက် ယခုမြားပြထားတဲ့နေရာမှာ လှည်းလမ်းကြောင်းပေးထားခဲ့ပါတယ်။ နွေရာသီမှာ ကားကြီးများပါ သွားလာခဲ့ကြပါတယ်။ ၁၉၉၀ ခုနှစ်မှာ ဝန်ထမ်းများကို အိမ်ရာကွက်သစ်များ ချပေးထားခဲ့ပါတယ်။ အဲဒီမတိုင်ခင်က ယခုအချင်းဖြစ်နေရာမှာ သမဝါယမအသင်းမှ သီးနှံသွင်းလက်ခံကြောင်း သိရှိရပါတယ်။ ရှေးယခင်က ရှေးလူကြီးများပြောစကားအရ သစ်ထုတ်ရေးရဲ့ဆင်ဝိုင်းတွေ ခေတ္တစခန်းချရာနေရာဖြစ်ကြောင်း သိရပါတယ်။ ပုံရဲ့ညာဘက်ထိပ်ပိုင်းမှာ အရင်ကအင်းကြီးရှိပါတယ်။ ဒီနေရာကို ဒေသအခေါ် အင်းဇောင်းလို့ခေါ်ကြပါတယ်။ ၁၉၉၀ ခုနှစ်မတိုင်ခင်နှစ်များက ဆိုရှယ်လစ်ခေတ်ဆိုတော့ သမဝါယမအသင်းက ပြည်သူအားလုံးပိုင်ဆိုင်လို့ ကန့်ကွက်သူမရှိ နေရာရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၉၅ ခုနှစ်၊ မြေစာရင်းဌာနရဲ့ (၁-က)စာရင်းမှာ မြို့မြေလို့မရေးဘဲ L လို့စာရင်းသွင်းထားပါတယ်။ အနီးရွာများဖြစ်တဲ့ လဘို့ကျေးရွာ၊ ရွာစည်ကျေးရွာ၊ ဆိုင်တူးကျေးရွာ၊ ပိုဦးကျေးရွာနဲ့ မြို့ပေါ်က ခ.လ.ရ (၅၀)တပ် ရေဘုတ်ရပ်ကွက်တို့မှ ကျောင်းသူကျောင်းသားများ ဂန့်ဂေါ အ.ထ.က သို့ ဖြတ်သန်းသွားလာ ကျောင်းတက်ခဲ့ရတဲ့လမ်းလည်း ဖြစ်ပါတယ်။ ၁၉၉၆ ခုနှစ်မှာ သစ်ထုတ်ရေးဌာနမှ သမဝါယမထံမှ ပြန်စိပ်စက်တည်ထောင်ရန် ငှားရမ်းသုံးစွဲခဲ့ပါတယ်။ ၂၀၀၃ ခုနှစ်မှာ ဝင်းမာလာအောင်ကုမ္ပဏီမှ ဝယ်ယူခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ အုတ်တံတိုင်းကာရံခဲ့လို့ မြို့လူထုက ဝိုင်းဝန်းကန့်ကွက်ခဲ့ပါတယ်။ ခုံရုံးဖွဲ့စစ်ဆေးခဲ့ကြောင်းသိရပေမယ့် ၎င်းခြံဝင်းအပြင်ဘက်ကနေ ကွေ့ရှောင်ပြီး လမ်းဘေးမြေဟုဆိုကာ တာဝန်ရှိသူတို့နဲ့ပူးပေါင်းပြီး ရွေးကောက်ပွဲမတိုင်မီ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှာ ဂရန်နှစ်ပိုင်းခွဲပြီး ရယူသွားခဲ့ပါတယ်။ ပြည်သူ့အစိုးရလက်ထက်မှာ မိမိကိုယ်တိုင်

တိုင်းဝန်ကြီးချုပ်ထံတင်ပြခဲ့လို့ အကြိမ်ကြိမ်တိုင်းဒေသကြီး/ခရိုင်အဆင့်ဆင့်စစ်ဆေးခဲ့ပြီး ဝန်ကြီးချုပ်မှ အများ ပြည်သူပိုင်ဆိုင်သောလမ်းအား ပြန်လည်ဖွင့်လှစ်ပေးရန် ဂရန်ကိုပြန်လည်ပယ်ဖျက်ရန် လမ်းညွှန်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ယခုတင်ပြလိုတာကတော့ သက်ဆိုင်ရာဌာန အသီးသီးမှာ မပြောင်းလဲလိုသော အောက်ခြေမှတာဝန်ရှိသူအချို့ဟာ အများပြည်သူနဲ့သက်ဆိုင်တဲ့ ကိစ္စရပ်တွေကို ကိုယ်ထင်သလိုချယ်လှယ်နေကြကြောင်းကို သက်သေအထောက်အထားနဲ့ တင်ပြ သွားမှာဖြစ်ပါတယ်။ ဒီပုံမှာပါတဲ့လက်ကတော့ ခရိုင်မြေစာရင်းတာဝန်ရှိသူဖြစ်ပါတယ်။ ဝန်ကြီးချုပ်က အမှုကို အဖွဲ့ဖွဲ့စစ်ဆေးစေတဲ့အခါ ၎င်းကိုယ်တိုင်ခေါင်းဆောင်ပြီး ကျွန်မနဲ့ စည်ပင်ရဲ့အမှုဆောင် အရာရှိ ပါဝင်ခဲ့ပါတယ်။ ကျွန်မတို့က ၁၉၉၀ ခုနှစ် မြို့မြေကွက်ချတဲ့ မြေပုံကိုတောင်းတဲ့အခါ ကလေး ကစားသလို မြေကွက်ပုံစံလေးတွေ ဖြတ်ယူလာပြီး ၁၉၈၇ ခုနှစ်ကမြေပုံပေါ်မှာ အခုလိုကပ်ပြခဲ့ပါ တယ်။ ကျွန်မတို့ဆိုလိုတာက မြို့မြေကွက်သစ်ချထားစဉ်မှာ မြေပုံမှာ၎င်းလမ်းဟာ ထင်ရှားစွာပါဝင် ကြောင်းပြလိုတာဖြစ်ပြီး သူတို့ကတော့ ၎င်းမြေပုံမရှိဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ မြေပုံအပြည့်အစုံကို မပြဘဲ ဒီလိုအစိတ်အပိုင်းလေးတွေနဲ့သာ မြေကွက်သစ်ချထားပေးခဲ့တယ်လို့ ယုတ္တိမတန်စွာနှင့် ငြင်းဆိုခဲ့တာပါ။ ကိစ္စရပ်ကို စစ်ဆေးသူခေါင်းဆောင် ဌာနတာဝန်ရှိသူက ဒီလိုဖြစ်နေတော့ ကျွန်မတို့က ထပ်မံတိုင်ကြားခဲ့ရပါတယ်။ ၂၀၁၇ ခုနှစ် ဩဂုတ်လမှာ တိုင်းဒေသကြီးမှ အဖွဲ့ဖွဲ့စစ်ဆေးစေပြန်ပါ တယ်။ အဲဒီအခါမှာ ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲ မြေတစ်ကွက်ထဲကို ဦးပိုင်နှစ်ခု၊ ဂရန်နှစ်ပိုင်း ပိုင်းပြီးတော့ချပေးထားတဲ့ ယုတ္တိမတန်မှု မူလလမ်းဟောင်းကိုပိတ်ပြီး ခြံဘေးကနေ ကွင်းလမ်း ပေးထားတဲ့ ဥပဒေတွေနဲ့မညီညွတ်မှုတွေဟာ ပေါ်ပေါက်ခဲ့ပြီးတော့ လမ်းဖွင့်ပေးဖို့ဆုံးဖြတ်ခဲ့ကြ ကြောင်း ကြားသိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ယခုအချိန်မှာ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပင်လျှင် သိမ်းဆည်းမြေများကို ပြန်လည်စွန့်လွှတ်ပေးနေတဲ့အချိန်ဖြစ်ပါတယ်။ ပုဂ္ဂလိကတစ်ဦးက အများပြည်သူပိုင်တဲ့လမ်းကို အုတ်တံတိုင်းခတ်ပြီးပိတ်ရဲတာဟာ အင်မတန်အတင့်ရဲတဲ့ကိစ္စဖြစ်ပါ တယ်။ တိုင်းမှလာရောက်စစ်ဆေးသောအဖွဲ့က ဂရန်ချထားပေးတဲ့ တာဝန်ရှိသူများကိုပါ လိုအပ်သလို အရေးယူရန် စိစစ်တင်ပြခဲ့ကြောင်းလည်း သိရှိရပါတယ်။ ဒီကိစ္စကို စစ်ဆေးခဲ့တဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ပါဘူး။ အမှန်တရားဘက်မှ ရပ်တည်ထွက်ဆိုခဲ့တဲ့ ရယကနှစ်ဆက်တိုင်လုပ်ခဲ့တဲ့ ဗိုလ်ကြီး အငြိမ်းစားနှင့် ဂရန်ချထားပေးတဲ့ ကောလိတ္တော်အရာရှိပင် ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ ၎င်းမြေနေရာ တည်ရှိတဲ့ အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးအဆက်ဆက်၊ အမှတ်(၄)ရပ်ကွက်မှာ သုံးဆက်တိုင် အုပ်ချုပ်ခဲ့တဲ့ အုပ်ချုပ်ရေးမှူး၊ လဘို့ကျေးရွာနှင့် ဆိုင်တူးကျေးရွာမှ အုပ်ချုပ်ရေးမှူးများအားလုံးဟာ ၎င်းတို့ဖြတ်သန်း၍ ကျောင်းသွားခဲ့တဲ့နေရာဆိုတာကို ပြည်သူဘက်မှ ရပ်တည်ထွက်ဆိုပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မသိရှိလိုတာက ယခုလက်ရှိ ကောလိတ္တော်အရာရှိအဖြစ် တာဝန်ထမ်းဆောင် နေသူက ဘာကြောင့်ကြန့်ကြာပါသလဲလို့ ကျွန်မမေးတဲ့အခါတိုင်း ဂရန်ပြန်မအပ်သေးလို့ပါဆိုတဲ့ အဖြေဟာ သင့်လျော်ပါရဲ့လား၊ ဖြစ်သင့်ပါရဲ့လား၊ ဥပဒေနဲ့ညီပါရဲ့လား၊ အချိန်ဘယ်လောက်ကြာကြာ

ဂရန်မအပ်လိုဆိုပြီး စောင့်နေခွင့်ရှိပါသလားဆိုတာကို သိရှိလိုပါ၍ ဤမေးခွန်းကို လေးစားစွာဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၃)၊ အကွက်အမည်(မြောက်ကုန်း)၊ မြို့မြေ၊ ဦးပိုင်အမှတ်(၇၈/၆)၊ မြေဧရိယာ ၁.၇၁၅ ဧကရှိမြေကို မြို့နယ်သမဝါယမအသင်းထံမှ ၁၅-၃-၂၀၁၆ ရက်နေ့မှာ ဦးဝင်းကို(ဝင်းမာလာအောင်ကုမ္ပဏီ)သည် မှတ်ပုံတင်စာချုပ်ချုပ်၍ ဝယ်ယူခဲ့ခြင်းဖြစ်ပါတယ်။ ဦးဝင်းကိုမှ ဝယ်ယူခဲ့တဲ့မြေဧရိယာကို ဦးပိုင်အမှတ်(၇၈/၆-က)၊ မြေဧရိယာ ၀.၈၃၄ ဧကနှင့် ဦးပိုင်အမှတ်(၇၈/၆-ခ)၊ မြေဧရိယာ ၀.၈၂၄ ဧကအဖြစ် မြေကွက်နှစ်ကွက်ခွဲ၍ အချက်အလက်အထောက်အထားများနှင့်အတူ မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားခဲ့ပါတယ်။ လျှောက်ထားမှုအပေါ် ကန့်ကွက်သူများရှိပါက ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာခဲ့ရာ ကန့်ကွက်မှုများမရှိခဲ့ပါကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ မြေရာဇဝင်တောင်းခံခြင်း၊ လျှောက်ထားသူအပါအဝင် ပတ်ဝန်းကျင်ရှိနေထိုင်သူများအား ခေါ်ယူစစ်ဆေးခြင်း၊ မြေငှားဂရန် လျှောက်ထားတဲ့မြေနေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများရဲ့ သဘောထားမှတ်ချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ပြီး ဦးပိုင်အမှတ်(၇၈/၆-က)၊ မြေဧရိယာ ၀.၈၃၄ ဧကနှင့် ဦးပိုင်အမှတ်(၇၈/၆-ခ)၊ မြေဧရိယာ ၀.၈၂၄ ဧကတို့အား ၂၂-၉-၂၀၁၅ ရက်နေ့တွင် ဦးဝင်းကိုအမည်ပေါက် နှစ် ၃၀ မြေဂရန် ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

အဆိုပါမြေငှားဂရန် ရရှိတဲ့မြေအတွင်းမှာ လမ်းဖောက်လုပ်နိုင်ရန်အတွက် ဂန့်ဂေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်မှတိုင်ကြားသဖြင့် ဂန့်ဂေါခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးအဖွဲ့ခေါင်းဆောင်ဖြင့် တိုင်ကြားသူ ဒေါ်ယဉ်မင်းလှိုင်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိတို့ အဖွဲ့ဝင်ပါဝင်တဲ့အဖွဲ့ဖြင့် စိစစ်ခဲ့ပါတယ်။ စစ်ဆေးချက်အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ စာရင်း၊ မြေပုံများမှာ လမ်းမြေအဖြစ် မှတ်သားထားမှုမရှိကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှလည်း လမ်းမြေအဖြစ် ခွင့်ပြုမိန့်ချထားခြင်းမရှိကြောင်း၊ ဂရန်လျှောက်ထားစဉ် ကန့်ကွက်သူမရှိကြောင်း၊ မြို့နယ်သမဝါယမအသင်းပိုင်ဆိုင်ချိန်တွင် ခြံစည်းရိုးကာရံထားမှုမရှိသည့်အတွက် လူသွားလမ်းအဖြစ် အများပြည်သူ

မှုကြမ်း

အသုံးပြုခဲ့ကြောင်း၊ ဝင်းမာလာအောင်ကုမ္ပဏီပိုင်ဆိုင်ချိန်တွင် ခြံစည်းရိုးကာရံခဲ့ပြီး ၎င်းခြံပတ်ဝန်းကျင်ရှိလယ်ယာမြေများအားဝယ်ယူ၍ လမ်းဖောက်လုပ်ပေးထားကြောင်း စိစစ်တွေ့ရှိချက်များအရ သိရှိရပါတယ်။ ထို့နောက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ ဂန့်ဂေါခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်သောအဖွဲ့ကို ထပ်မံစစ်ဆေးခဲ့ပါတယ်။ အဆိုပါအဖွဲ့ရဲ့စိစစ်ချက်အရ မြို့နယ်သမဝါယမအသင်းပိုင်ဆိုင်ချိန်တွင် ပျက်စီးနေတဲ့သစ်သားခြံစည်းရိုးများသာ ရှိခဲ့ဖူးပြီး ဖြတ်သန်းသွားလာအသုံးပြုခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့ပတ်လမ်းနှင့်အတည့် ကုမ္ပဏီဝန်းအတွင်း လမ်းဖောက်လုပ်ရန်ညွှန်ကြားထားခဲ့ရာ မည်သည့်ဌာနအဖွဲ့အစည်း၊ မည်သူကမှ တာဝန်ယူဖောက်လုပ်မည်ဆိုသည်ကို အခက်အခဲရှိနိုင်ခြင်း။ လက်ရှိတွင် ကုမ္ပဏီမှ မြေငှားဂရန်ရရှိထားပြီး အုတ်ခြံစည်းရိုးခတ်ထားပြီးဖြစ်သဖြင့် ၎င်း၏သဘောတူညီချက်မရရှိဘဲ အုတ်ခြံစည်းရိုးဖြတ်ကာ လမ်းဖောက်လုပ်ပါက ဆောင်ရွက်သူအား ပြန်လည်တရားစွဲဆိုလာနိုင်ကြောင်း စသည်တို့ကြောင့် တိုင်းဒေသကြီးအဆင့်ပုဂ္ဂိုလ်များဖြင့် ထပ်မံစိစစ်သင့်ကြောင်း အကြံပြုပြန်လည်တင်ပြခဲ့ပါတယ်။

အဆိုပါအကြံပြုချက်အရ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားချက်ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ညွှန်ကြားရေးမှူးခေါင်းဆောင်တဲ့အဖွဲ့ဖြင့် ထပ်မံစိစစ်ခဲ့ပါတယ်။ အဆိုပါစုံစမ်းစစ်ဆေးရေးအဖွဲ့ စုံစမ်းစစ်ဆေးတွေ့ရှိချက်များအရ ဝင်းမာလာအောင်ကုမ္ပဏီပိုင်ခြံဝင်းမှာယခင်သမဝါယမအသင်းပိုင်ဆိုင်ခဲ့သည့် အချိန်ကာလတစ်လျှောက်လုံး တရားဝင်လမ်းရှိ/မရှိအထောက်အထားခိုင်လုံစွာ တင်ပြနိုင်ခြင်းမရှိသော်လည်း ဖြတ်သန်းသွားလာအသုံးပြုခဲ့ကြောင်းသုံးသပ်တွေ့ရှိရသဖြင့် မြေငှားဂရန်ပယ်ဖျက်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ပြီး မြေငှားဂရန်ပယ်ဖျက်ပြီးပါက အများပြည်သူတင်ပြသည့်လမ်းကို ဖောက်လုပ်ပေးရန်စိစစ်အကြံပြုတင်ပြခဲ့ပါတယ်။ ထိုတင်ပြချက်အပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃၅/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ် ၆ အရ ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်ကွက်ရှိ မြေငှားဂရန်ရယူပြီးဖြစ်သော ဦးပိုင်အမှတ်(၇၈/၆-က)နှင့်(၇၈/၆-ခ)မြေကွက်အတွင်း လမ်းဖောက်လုပ်ခြင်းကိုဥပဒေနှင့်အညီ ဆောက်လုပ်နိုင်ရန် မြေငှားဂရန်ပယ်ဖျက်နိုင်ရေး ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရန် ဆုံးဖြတ်ထားရှိပြီး ဂရန်ပယ်ဖျက်နိုင်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်သွားရန် မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၅-၉-၂၀၁၇ ရက်စွဲပါစာဖြင့် ညွှန်ကြားထားရှိပြီးဖြစ်ကြောင်း မကွေးတိုင်းဒေကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

အဆိုပါမြေငှားဂရန်ပယ်ဖျက်နိုင်ရေးအတွက် ဂရန်ပယ်ဖျက်မည့် အမှုတွဲနှစ်တွဲအား မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂-၄-၂၀၁၈ ရက်စွဲပါစာဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်သို့ တင်ပြခဲ့မှုအပေါ် စိစစ်ဆောင်ရွက်ခဲ့ရာ အမှုတွဲတွင် မည်သည့်အချက်ကြောင့် မည်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဂရန်ပယ်ဖျက်လို့သည့် အကြောင်းအရာပြည့်ပြည့်စုံစုံတိကျစွာ တင်ပြနိုင်ခြင်းမရှိတဲ့အတွက် ပြန်လည်စိစစ်တင်ပြရန် မကွေးတိုင်းဒေသကြီး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၇-၆-၂၀၁၈ ရက်နေ့တွင် အကြောင်းကြားထားရှိပြီးဖြစ်ပါတယ်။ သို့ပါ၍ (ဝင်းမာလာအောင်ကုမ္ပဏီ) အမည်ပေါက် မြေငှားဂရန်ကိစ္စနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲတွင်လိုအပ်လျက်တဲ့ အထောက်အထားအချက်အလက်များ ပြည့်စုံစွာပြန်လည်တင်ပြလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွန်းမေးခွင့်ပြုပါ။ အခုကျွန်မတင်ပြသွားတဲ့ အတိုင်းပါပဲ။ ဝန်ကြီးချုပ်ကလည်း နှစ်ကြိမ်တိုင်တိုင်ညွှန်ကြားပြီးဖြစ်တယ်။ တိုင်းဒေသကြီးအဆင့်မှလည်း ညွှန်ကြားချက်အရလာရောက်စိစစ်ပြီးဖြစ်ပါတယ်။ စိစစ်ချက်ကိုလည်း တင်ပြထားလို့ ကျွန်မရဲ့လက်ထဲမှာ ရောက်ရှိနေပြီဖြစ်ပါတယ်။ အဲဒါကို နောက်တစ်ခေါက်ပြန်စစ်အုံးမယ်ဆိုတော့ ကျွန်မတို့ ဘယ်အချိန်လောက်မှာ နောက်ဆုံးသိရမှာလဲဆိုတာကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ပေးတဲ့အခါမှာ ကန့်ကွက်လွှာတောင်းရပါတယ်။ ပြီးရင် မြို့နယ်လယ်ယာမြေနှင့်စာရင်းဦးစီးဌာန မြေဂရန်ဆိုတာလည်းတောင်းပါတယ်။ လျှောက်မှုအပါအဝင် ပတ်ဝန်းကျင်မှာရှိတဲ့ နေထိုင်သူများကို ခေါ်ယူစစ်ဆေးတယ်။ မြေငှားဂရန်လျှောက်ထားတဲ့ မြေနေရာကို ကွင်းဆင်းစစ်ဆေးတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများရဲ့ သဘောထားမှတ်ချက်ရယူပြီး ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒါဆောင်ရွက်ပြီးတဲ့အခါမှာတော့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်တော်တို့ဂရန်ကို ထုတ်ပေးရတာဖြစ်ပါတယ်။ ဂရန်ကိုပြန်လည်ပယ်ဖျက်တဲ့အခါမှာလည်း မည်သည့်အချက်၊ မည်သည့်ဥပဒေ၊ မည်သည့်လုပ်ထုံးလုပ်နည်းများအရ ဒီဟာကို ပယ်ဖျက်သင့်တယ်ဆိုတဲ့ဟာကို ကျွန်တော်တို့က အထောက်အထားအရမှာသာလျှင် ဆောင်ရွက်ပေးနိုင်တယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့်ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

မူကြမ်း

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွက်၊ ဘီးလင်းမဲဆန္ဒနယ်ကတင်သွင်းသည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများအမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ကိုကိုဦး(ခ)ဦးအတွက်၊ ဘီးလင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂-၈-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများအမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ငါးဦးရှိပါတယ်။

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)။** ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွက် တင်သွင်းသည့် အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများအမှန်တကယ် ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို

One Stop Service သို့ အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းကြောင်းအဆိုအား ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့အတွက် OSS ဆိုသော ဆောင်ပုဒ်နှင့်အညီ ပြည်သူ့ဝန်ဆောင်ရုံး(One Stop Shop)များကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏အနီးကပ်ကြီးကြပ်မှုဖြင့် ၄-၇-၂၀၁၅ ရက်နေ့မှာစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီတိုင်းပြည်မှာ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ပြည်သူ့ ဝန်ဆောင်မှုရုံးများဖွင့်လှစ်ပေးခြင်းကို ကျွန်တော်တို့လက်ခံကြိုဆိုရမှာဖြစ်ပါတယ်။ မူလရည်ရွယ်ချက်မှာ ပြည်သူတို့၏အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရာမှာ အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများပေးနိုင်ဖို့ပဲဖြစ်ပါတယ်။ အဂတိလိုက်စားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေကင်းဝေး စေပြီး အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် ပြည်သူလူထုမှ ယုံကြည်အားကိုးမှုများ တိုးပွားလာ စေပြီး ဌာနဆိုင်ရာအပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေးအတွက် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံအချို့မှာလည်း ပြည်သူ့ဝန်ဆောင်မှုရုံးတွေဖွင့်လှစ်ဆောင်ရွက်ကြကြောင်း သိရှိရပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့အခြေအနေမှာတော့ ရုံးရှိသော်လည်း လူကမရှိ၊ လူရှိသော်လည်း ရုံးကမရှိ၊ ရုံးမှာလည်း ပစ္စည်းပရိဘောဂလေးတွေနဲ့ ရုံးအသုံးအဆောင်ပစ္စည်းတွေ မပြည့်စုံသေးတဲ့အနေအထား ကိုတွေ့ရပါတယ်။ One Stop Shop နဲ့ပတ်သက်လို့ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ဒေသမှာ ဆိုရင် ဖွင့်လှစ်ဆောင်ရွက်မှုများဟာ မအောင်မြင်ပါဘူး။ သီးသန့်ရုံးမရှိတဲ့အတွက် စုပေါင်းခန်းမထဲမှာ ဌာနအလိုက် ကောင်တာတွေဖွင့်ပြီးတော့မှ ကြည့်လို့မြင်လို့ကောင်းရုံသာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ခုတော့ အဲဒီကောင်တာတွေ ပြန်လည်သိမ်းဆည်းရတဲ့အနေအထားမှာရှိပါတယ်။ ဌာနဘက်ကလည်း ဂျူတီချဖို့ လူတစ်ယောက်အလဟဿကုန်ရတဲ့အပြင် ပြည်သူတွေကလည်း အဲဒီဝန်ဆောင်မှုရုံးကို မလာကြပါဘူး။ သက်ဆိုင်ရာဌာနကိုသာ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ကြပါတယ်။ ဥပမာ- ဆေးထောက်ခံစာအတွက် မြို့နယ်ဆရာဝန်လက်မှတ်လိုအပ်ခြင်း၊ အထွေထွေဆေးစစ်ရန်လိုအပ်ခြင်း တို့ကြောင့် ဆေးရုံကိုပဲတိုက်ရိုက်သွားကြပါတယ်။ ရဲစခန်းထောက်ခံချက်လည်း ဒီအတိုင်းပါပဲ။ လျှပ်စစ်ရုံးဆိုရင် မီတာခပုံမှန်ပေးဆောင်ဖို့ ရုံးကိုပဲတိုက်ရိုက်သွားကြတာတွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်ဖြစ်သင့်တာကတော့ One Stop Shop ဖွင့်လှစ်မည့်အစား One Stop Service လို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ခြင်းမျိုးကို မိမိတို့ ဌာနတွင်း၊ ရုံးတွင်းမှာပဲအလှည့်ကျတာဝန်ပေးအပ်ဆောင်ရွက်စေခြင်းက ပိုမိုအောင်မြင်မှာဖြစ်ပါတယ်။ ပြည်သူလူထုဟာ ဝန်ဆောင်မှုကောင်းရင်ကောင်းသလို ယုံကြည်လက်ခံလာကြမှာ ဖြစ်ပါတယ်။ အားကိုးအားထားပြုလာမှာ ဖြစ်ပါတယ်။ သာဓကအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ ဖွင့်လှစ်ထားတဲ့ ငွေစုဘဏ်တွေများစွာ ရှိပါတယ်။ ဘဏ်ခွဲတွေအများကြီး တိုးချဲ့ဖွင့်လှစ်နိုင်တဲ့ဘဏ်ဟာ ပြည်သူ့ ဝန်ဆောင်မှုကို ပြည်သူတွေကျေနပ်လောက်အောင်ပေးနိုင်လို့ ပြည်သူကယုံကြည်အားကိုးစွာနဲ့တိုးချဲ့ လုပ်ဆောင်လာကြခြင်းပဲဖြစ်ပါတယ်။ ဘဏ်ထဲဝင်တာနဲ့ပြန်ထွက်တဲ့အထိ ကာယကံရှင်က လက်မှတ် တစ်မျိုးတည်းထိုးပေးလိုက်ရတယ်။ ဘဏ်ဝန်ထမ်းတွေက သူ့ကဏ္ဍနဲ့သူ မြန်ဆန်နိုင်သမျှ

မြန်ဆန်အောင်ဆောင်ရွက်ပေးကြတယ်။ ဒါဟာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်မျိုးပဲ ဖြစ်ပါတယ်။ အဆင်ပြေခြင်း၊ လွယ်ကူခြင်း၊ ချောမွေ့ခြင်း၊ တိကျမှန်ကန်ခြင်းစတဲ့အချက်တွေက One Stop Service ရဲ့အကျိုးကျေးဇူးတွေဖြစ်ပြီးတော့ ပြည်သူလူထုကို ကျေနပ်မှု၊ နှစ်သိမ့်မှုဖြစ်စေပါတယ်။ ဝန်ထမ်းပိုင်းကလည်း မိမိရရှိထားတဲ့အကျိုးခံစားခွင့်နဲ့ လုပ်ငန်းတွေအပေါ်မှာ တန်ဖိုးထားဆောင်ရွက်ကြတယ်။ ကျွန်တော်တို့ ပြည်သူ့ဝန်ထမ်းများကလည်း ဒီလိုခံစားခွင့်တွေနဲ့ပြည့်စုံမယ်ဆိုရင်တော့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ ပိုမိုဖော်ဆောင်လိမ့်မယ်လို့ယုံကြည်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ One Stop Shop ပဲဖြစ်ဖြစ်၊ One Stop Service ပဲဖြစ်ဖြစ် ပြည်သူကိုအမှန်တကယ်ဝန်ဆောင်မှုပြုမယ့်လုပ်ငန်းတွေနဲ့ အကျိုးပြုချင်တယ်ဆိုရင်တော့ ကျွန်တော်တို့တိုင်းရင်းသားဒေသတွေမှာ စာပေမတတ်ခြင်း၊ ဘာသာစကားကျွမ်းကျင်မှုမရှိခြင်းစတဲ့အချက်တွေကိုလည်း ကျွန်တော်တို့ထည့်သွင်းဝန်ဆောင်ပေးဖို့လိုအပ်ပါတယ်။ အချို့ဌာနတွေမှာ ခေါက်ရိုးကျိုးနေတဲ့ဝန်ထမ်းတွေ၊ မိမိတာဝန်ကိုကျေပွန်စွာမထမ်းဆောင်ချင်တဲ့ဝန်ထမ်းတွေ ရှိနေပါသေးတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးတွေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဟာ မအောင်မြင်ပါဘူး။ ဝတ်ကျေတန်းကျေဆောင်ရွက်တတ်တဲ့အကျင့်တွေလည်း ပြင်ဖို့လိုပါတယ်။ သို့သော် စိတ်ကောင်းစေတနာရှိကြတဲ့ပြည်သူ့ဝန်ထမ်းကောင်းများဦးရေကတော့ ပိုမိုများပြားမှာဖြစ်ပါတယ်။ One Stop Service လိုဝန်ဆောင်မှုမျိုးနဲ့ ထိရောက်စွာဆောင်ရွက်ပေးနိုင်တဲ့နောက်ထပ်နည်းလမ်းတစ်ခုကတော့ Mobile Team နဲ့ ပြည်သူလူထုထံ ကွင်းဆင်းထိတွေ့ဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ပြီးခဲ့တဲ့ လွှတ်တော်ရပ်နားစဉ်ကာလမှာ လ.ဝ.က အဖွဲ့နဲ့ရွာသုံးရွာ၊ ကျန်းမာရေးအဖွဲ့နဲ့ ရွာနှစ်ရွာသွားရောက်ပြီးတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူလူထုကလည်းကျေနပ်တယ်၊ ဝမ်းသာတယ်။ လုပ်ငန်းအနေနဲ့အောင်မြင်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ရပ်ရွာရဲ့ကူညီပံ့ပိုးမှု၊ အလှူရှင်များရဲ့ထောက်ပံ့မှုနဲ့ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုကွင်းဆင်းခရီးစဉ်မျိုးကိုလည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအနေနဲ့ အစိုးရကပံ့ပိုးဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့အတွက် OSS ဆိုတဲ့ဆောင်ပုဒ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြတဲ့နေရာမှာ အသွင်ကူးပြောင်းရေးတစ်ရပ်အနေနဲ့ ကျွန်တော်တို့သွားကြရမှာဖြစ်ပါတယ်။ ခေါက်ရိုးကျိုးနေတဲ့အဖြစ်မျိုးကို အောင်မြင်စွာကျော်လွှားနိုင်ဖို့လိုပါတယ်။ One Stop Shop များဟာ လက်ရှိမြေပြင်အနေအထားမှာ ကာလဒေသနှင့်ကိုက်ညီမှုမရှိခြင်း၊ ပြည်သူလူထုထံဦးတည်မှုအားနည်းခြင်း၊ ပြည်သူလူထုဘက်မှလည်း စိတ်ပါဝင်စားမှုနည်းပါးခြင်းစတဲ့အားနည်းချက်တွေကြောင့် အောင်မြင်မှုမရရှိနိုင်ခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုးအမှန်တကယ်ပံ့ပိုးပေးနိုင်မည့် One Stop Service အဆင့်သို့ အဆင့်မြှင့်တင်အကောင်အထည်ဖော်ဆောင်ပေးရန် အမှန်တကယ်လိုအပ်နေပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီအဆိုရှင် ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်ရဲ့အဆိုကို ကျွန်တော်လေ့လာကြည့်ရှုတဲ့အခါမှာ One Stop Shop သို့တည်းမဟုတ် One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီးတော့ ကျွန်တော် ပထမဆုံးစဉ်းစားဆင်ခြင်မိတာကတော့ ပြောင်းလဲခြင်းပါပဲ။ Change ပါ။ အဲဒီတော့ ဒီအဆိုရှင်ဟာဆိုလို့ရှိရင် ပြည်သူ့ဝန်ဆောင်မှုနှင့်ပတ်သက်ပြီးတော့ အပြောင်းအလဲတစ်ရပ်ကို တစ်ဆင့်မြှင့်တဲ့၊ ကောင်းတဲ့အပြောင်းအလဲတစ်ရပ်ကို ဖြစ်စေချင်တဲ့အတွက်ကြောင့် ဒီစေတနာနဲ့ ဒီအဆိုတင်သွင်းတာကို တွေ့ရှိရပါတယ်။ အပြောင်းအလဲတွေက အင်မတန်အရေးကြီးပါတယ်။ ပြောင်းလဲအောင်လုပ်တာက လူတွေပဲ လုပ်ကြတာ။ တိုးတက်ပြောင်းလဲအောင်လုပ်တာလည်း လူပါပဲ။ ဆုတ်ယုတ်အောင်လုပ်တာလည်းလူပါပဲ။ ဒီအပြောင်းအလဲတွေနဲ့ပတ်သက်ပြီးတော့ မြန်မာ့သမိုင်းကိုလေ့လာကြည့်တဲ့အခါမှာ ကျွန်စစ်သားမင်းလက်ထက်မှာ ကျွန်စစ်သားမင်းက ထီးနန်းတက်လာလာချင်း ပြည်သူလူထုရဲ့စီးကျနေတဲ့မျက်ရည်တွေကို သူရဲ့ဘယ်ဘက်လက်နဲ့သုတ်ပြီးတော့ ညာဘက်လက်နဲ့စားနပ်ရိက္ခာတွေကို ဝေငှပေးမယ်လို့ မေတ္တာတရားတွေ၊ အကြင်နာတရားတွေနဲ့ သူ့ရဲ့နိုင်ငံရေးအတွေးအခေါ်ကို ပြောင်းလဲခဲ့ပါတယ်။ ထို့အတူပဲ ထီးနန်းပေးတဲ့အခါမှာလည်းပဲ သူ့ရဲ့သားတော်အရင်းဖြစ်တဲ့ ရာဇကုမာရ်ကိုမပေးဘဲနဲ့ မွန်သွေးပါတဲ့မြေးတော် အလောင်းစည်သူကို ပေးပြီးတော့ မွန်-မြန်မာချစ်ကြည်ရေးကို တည်ဆောက်ပေးပြီးတော့ ပြည်ထောင်စုကြီးကိုတိုးတက်အောင်လုပ်ခဲ့တယ်။ ဒါကြောင့်မို့လို့ ပုဂံခေတ်မှာ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံဆိုတဲ့ စကားတစ်ရပ် ပေါ်ထွန်းခဲ့ပါတယ်။ အဲဒီလောက်ထိ တိုင်းပြည်က တိုးတက်ခဲ့တယ်။ အဲဒီတော့ ဒီနေ့ ဒီအချိန်ခါမှာလည်း မြန်မာနိုင်ငံကြီးက အပြောင်းအလဲတွေနဲ့သွားနေတဲ့အချိန်အခါပါပဲ။ မွန်-မြန်မာသွေးစည်းညီညွတ်ရေးတင်မကဘဲနဲ့ ၁၀၁ ပါးသော တိုင်းရင်းသားလူမျိုးများ အကုန်လုံးစုစည်းပြီးတော့ ကျွန်စစ်သားမင်းကြီးရဲ့ အပြောင်းအလဲလို အကြင်နာတရားတွေ၊ မေတ္တာတရားတွေနဲ့ စည်းလုံးညီညွတ်မှုတွေတည်ဆောက်၊ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ပြီးတော့ ဒီပြည်ထောင်စုကြီးကို တိုးတက်ကြီးပွားအောင် အပြောင်းအလဲလုပ်နေတဲ့ကာလပါပဲ။ ဒါကြောင့်မို့လို့ အပြောင်းအလဲက အင်မတန်အရေးကြီးပါတယ်။

အဲဒီတော့ အဆိုရှင်ရဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် One Stop Shop ကနေပြီးတော့ One Stop Service ကို ပြောင်းလဲလာတာကို တွေ့ရှိရပါတယ်။ One Stop Shop ဆိုတာကတော့ ဆိုင်တစ်ဆိုင်တည်းမှာပဲ မိမိလိုအပ်တဲ့အဝတ်အထည်၊ အသုံးအဆောင်၊ အချက်အပြုတ်ပစ္စည်းတွေအားလုံးကို ဝယ်ယူရရှိနိုင်တယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုဟာဆိုလို့ရှိရင် အချိန်ကုန်လူပန်းသက်သာစွာနဲ့ ဒါဟာ ရရှိနိုင်တယ်။ ဒါကို ကျွန်တော်တို့က အတုယူပြီးတဲ့အခါကျတော့မှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကလည်းပဲ ဒါ ပြောင်းလဲခဲ့ရတယ်။ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ တစ်ချိန်တည်း၊ တစ်နေရာတည်း၊ တစ်ထိုင်တည်းမှာပဲ ပြည်သူ့ရဲ့လိုအပ်ချက်တွေအားလုံးကို လုပ်ဆောင်ပေးမယ်ဆိုပြီးတော့ ပြောင်းလဲဆောင်ရွက်တာကို တွေ့ရတယ်။ ဒါ တိုးတက်မှုတစ်ရပ်ပါပဲ။ အဲဒီတော့ နောက်ပိုင်းမှာကျတော့ ခေတ်စနစ်တွေကိုကြည့်တဲ့အခါမှာ ဗဟိုဦးစီးစနစ်၊ အာဏာရှင်စနစ်။

အဲဒီခေတ်တွေမှာဆိုလို့ရှိရင် အလုပ်တစ်ခုကို ပြည်သူ့ဝန်ဆောင်မှုလုပ်မယ်ဆိုရင် ဒီဘက်စားပွဲကနေ ဟိုဘက်စားပွဲကို ပြောင်းတာတောင်မှ လာဘ်ပေးလာဘ်ယူမလုပ်လို့ရှိရင် တစ်လလောက်ကြာတယ်။ ပြည်သူကြားမှာ အဲဒီလိုကိုရေပန်းစားခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့ ဒီအချိန်အခါမှာတော့ ဒီမိုကရေစီနိုင်ငံတွေမှာ ပြည်သူ့အစိုးရတွေကနေပြီးတော့ ပြည်သူ့ရဲ့ဝန်ဆောင်မှုလုပ်ငန်းတွေကို လာဘ်ပေးလာဘ်ယူတွေလည်း ကင်းရှင်းအောင်၊ ပြည်သူ့ရဲ့အချိန်ကုန်လူပန်းသက်သာအောင်၊ ပြည်သူ့ရဲ့လိုအပ်ချက်တွေလည်း လျှင်လျှင်မြန်မြန်ရရှိအောင်ဆိုပြီးတော့ One Stop Service လုပ်ပေးတဲ့ဟာတွေကို ဒီအဆိုရှင်ကနေပြီးတော့ အဆင့်မြှင့်ဖို့ပြောတဲ့အတွက်ကြောင့် အင်မတန်ခေတ်စနစ်နဲ့ညီတဲ့၊ တိုးတက်တဲ့ပြောင်းလဲမှုတစ်ရပ်ပါပဲ။ ဒါကြောင့်မို့လို့ ဒါကို ကျွန်တော်တို့က အလေးအနက်ထားထောက်ခံပြီးတဲ့အခါကျတော့ ပြည်ထောင်စုအစိုးရအနေနဲ့လည်း ဒါကို ဆောင်ရွက်ပေးဖို့ လိုပါတယ်။ အဲဒီလို မြန်မာနိုင်ငံတော်မှာလည်း One Stop Service ကို အထက်မှာတုန်းက ဒါ ဝန်ကြီးဌာနကလည်း ပြောသွားပါတယ်။ One Stop Service တွေကို ဆောင်ရွက်ပေးနေတယ်။ မှန်ပါတယ်။ ဒါပေမဲ့လို့ ဒီထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုပြီးတော့တိုးတက်အောင် ပြည်ထောင်စုအစိုးရအနေနဲ့ စီမံချက်တွေရေးဆွဲပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် ပြည်သူ့ရဲ့အကျိုးစီးပွားဟာ ပိုပြီးတော့ တိုးတက်လာမှာ အမှန်ပဲဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် တစ်ခုထောက်ပြဆွေးနွေးလိုတာက ဒီလို One Stop Service လုပ်ဖို့အတွက်ကို ကျွန်တော်တို့ ရွှေပြည်သာမြို့နယ်မှာပဲကြည့်မယ်ဆိုလို့ရှိရင် အဓိကလောလောဆယ် ဆောင်ရွက်ပေးနေတာက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပါ။ အလုပ်သမားဦးစီးဌာနကနေပြီးတော့ Labor Card တွေ လုပ်ပေးနေပါတယ်။ တစ်နေ့ ငါးယောက်လောက်လုပ်ရပါတယ်။ ကျွန်တော်တို့ ရွှေပြည်သာမြို့နယ်က စက်မှုမြို့ဖြစ်တဲ့အတွက်ကြောင့် ရွှေပြည်သာမြို့နယ်အနေနဲ့ မကြည့်ဘဲနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးကနေပြီးတော့ လာရောက်ကြတဲ့အလုပ်သမားတွေက တစ်နေ့ ငါးယောက်လောက် လုပ်နေတယ်။ ဒါပေမဲ့ ဖွဲ့စည်းပုံက ခြောက်ယောက်မှာ သုံးယောက်ပဲရှိပါတယ်။ သုံးယောက်ကမရှိဘူး။ One Stop Service လုပ်တဲ့အခါမှာ ခက်ခဲတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ထို့အတူပဲ လ.ဝ.က မှာလည်းပဲ ဖွဲ့စည်းပုံ ၂၅ ယောက်မှာ ၁၅ ယောက်ပဲရှိပြီး ၁၀ ယောက်မရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီ One Stop Service ကို ပီပီပြင်ပြင်နဲ့ အောင်အောင်မြင်မြင်လုပ်နိုင်ဖို့ဆိုလို့ရှိရင် ဝန်ကြီးဌာနအသီးသီးကလည်း မိမိသက်ဆိုင်ရာဖွဲ့စည်းပုံတွေကို ပြည့်ပြည့်ဝဝဖွဲ့စည်းပြီးတော့ အလုပ်နည်းတဲ့မြို့နယ်ကနေ နုတ်သိမ်းပြီးတော့ အလုပ်များတဲ့မြို့နယ်တွေကို များများပေးမယ်ဆိုလို့ရှိရင် ဒီ One Stop Service ဆိုတဲ့ အဆိုရှင်ရဲ့ဆန္ဒတွေက ပြည့်ဝပြီးတော့ ပြည်သူလူထုအကျိုးစီးပွားတိုးတက်လာမှာ အမှန်ပါပဲလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ဘီးလင်းမဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မကတော့ လှိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင်။ မြန်မာနိုင်ငံတစ်ဝန်းမှာ အစိုးရက ပြည်သူတွေအတွက် ပြည်သူ့ဝန်ဆောင်မှုရုံးခေါ်တဲ့ One Stop Shop ရုံးတွေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံးတွေမှာ ဖွင့်လှစ်ထားပါတယ်။ One Stop Service ဝန်ဆောင်မှုတစ်ခုကို တစ်နေရာတည်းကရမယ်ဆိုရင် တခြားနေရာ၊ ဌာနတွေကိုမသွားဘဲနဲ့ ထိုက်သင့်တဲ့သတ်မှတ်အချိန် သတ်မှတ်မယ်ဆိုရင် ပိုပြီးသင့်လျော်ကောင်းမွန်မှာ ဖြစ်လို့ One Stop Service ကို အဆင့်မြှင့်အကောင်အထည်ဖော်နိုင်ဖို့ အဆိုရှင်က ပြောသွားပါတယ်။ အဲဒီလို အဆင့်မြှင့်အကောင်အထည်ဖော်ဖို့ ရည်ရွယ်ချက်(၄)ချက်ကိုလည်း သတ်မှတ်နိုင်ခဲ့ပေမဲ့ တိကျတဲ့မူဝါဒလမ်းညွှန်မှုတွေမရှိတာတွေ့ရပါတယ်။ မူဝါဒနှင့် လမ်းညွှန်မှုရေးဆွဲရာမှာ ဒီမိုကရေစီစနစ်နဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ မိမိဒေသနဲ့ လိုက်လျောညီထွေတဲ့ ဝန်ဆောင်မှုစနစ်ဖြစ်အောင်လည်း ဒီဇိုင်းတွေဆွဲရမှာ ဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းအချင်းချင်း၊ ပြည်သူနဲ့ဝန်ထမ်း၊ ဌာနဆိုင်ရာအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း (Coordination)၊ အပြန်အလှန်ချိတ်ဆက်ခြင်း(Communication)က အရေးကြီးသလို ထိထိမိမိအောင်မြင်အောင်ဆောင်ရွက်ခြင်း(Effectiveness)ရဖို့လည်း လိုပါတယ်။ ဝန်ကြီးဌာနအသီးသီးရဲ့ကောင်းမွန်တဲ့စီမံခန့်ခွဲမှုရအောင် ကြီးကြပ်သူအရာရှိနဲ့အတူ ဝန်ဆောင်မှုပေးတဲ့ဝန်ထမ်းအသီးသီးကိုလည်း ရိုးရှင်းနားလည်လွယ်နိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေကို သင်တန်းပေးရမှာ ဖြစ်ပါတယ်။ UNDP ကတော့ ကြီးကြပ်သူတွေကိုသာ သင်တန်းပေးပါတယ်။ ဒါပေမဲ့ အခုဒီနေ့အထိကို လှိုင်ကော်က ကြီးကြပ်သူကတော့ သင်တန်းမရသေးပါဘူး။ Coverage မရဘူးလို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ UNDP ကလည်း သင်တန်းတွေကို တိတိကျကျပေးစေချင်ပါတယ်။ အချိန်တိုတိုနဲ့ ထိထိမိမိဆောင်ရွက်နိုင်ဖို့ ဝန်ဆောင်မှုလုပ်ငန်းနဲ့ ဝန်ကြီးဌာနတွေက လုပ်ပေးနိုင်တဲ့လုပ်ငန်းတွေကို ပွင့်လင်းမြင်သာစွာနဲ့ အဲဒီရုံးမှာ ဝန်ထမ်းနဲ့အတူ ချိတ်ထားပေးရင်တော့ ပိုကောင်းမည်ဖြစ်ပါတယ်။ အခုနက ဒုတိယဝန်ကြီးက ပြောသွားပါတယ်။ အဲဒါတောင်မှ Power Point မှာ Rush ဖြစ်ပါတယ်။ ကြည့်ရတာ အများကြီးဖြစ်ပါတယ်။ အလွတ်မရပါဘူး။ ဒါကြောင့်မို့လို့ Vinyl နဲ့ အဲဒီရုံးမှာ ဘာတွေလုပ်ပေးနိုင်တယ်။ ဒီဌာနက ဆိုတာကို Time Frame နဲ့ တစ်ရက်အတွင်းပြီးမယ်၊ နှစ်ရက်အတွင်းပြီးမယ်၊ သုံးရက်ပြီးမယ်ဆိုတာကို တိတိကျကျနဲ့ ပွင့်လင်းမြင်သာစွာထားဖို့ အကြံပြုပါတယ်။ နောက်တစ်ခုက ဘာလဲဆိုရင် အဲဒီရုံးမှာ ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေဟာလည်း မလောက်တာတွေရှိသလို Efficient မဖြစ်ဘူး။ ဒါတွေရှိတဲ့အတွက် ဝန်ထမ်းဖွဲ့စည်းပုံ သီးခြားဖွဲ့စည်းဖို့လိုပါတယ်လို့ ကျွန်မအကြံပြုပါတယ်။

ဝန်ထမ်းရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်ကို တိတိကျကျသတ်မှတ်ပေးပြီးတော့ ဆုံးဖြတ်ချက်ပေးနိုင်တဲ့ Decision Maker တစ်ယောက်ကို တာဝန်ချထားရင်လည်း ပိုကောင်းမှာ ဖြစ်ပါတယ်။ နည်းပညာအထောက်အကူကလည်း မရှိမဖြစ်လိုအပ်ပါတယ်။ e-Government မရခင်နဲ့ e-Government ရဖို့အတွက်လည်း နည်းပညာတွေရဲ့အထောက်အကူလိုပါတယ်။ တခြားနိုင်ငံမှာဆိုလို့ရှိရင် e-System နဲ့ One Stop Shop တွေ သုံးတာမျိုးများပါတယ်။ အထောက်အကူပြုပစ္စည်းလည်း ပြည့်စုံချင်ပါတယ်။ UNDP က ပံ့ပိုးရမှာ ဖြစ်တယ်။ ဒါပေမဲ့ အခုနက ပြတဲ့အထဲမှာဆိုလို့ရှိရင် ပံ့ပိုးတဲ့ငွေကြေးနဲ့

ပစ္စည်းတွေက မျှတမှုမရှိတာ တွေ့ရတယ်။ ကျွန်မတို့ကယားပြည်နယ်ဆို ဖွံ့ဖြိုးမှုအနည်းဆုံးဆိုတာ တောင်မှ အဲဒီအထဲမှာ ငွေကြေးပံ့ပိုးမှုရော၊ ပစ္စည်းတွေစုံလင်စွာ ပေးထားတာမရှိပါဘူး။ 1.5 လို့တော့ ပြောထားပေမဲ့လို့ မရတာတွေ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီငွေရေးကြေးရေးကူညီမှုမှာလည်း UNDP က ပွင့်လင်းဖို့လိုသလို မလောက်ရင်လည်း နှစ်စဉ်ဘတ်ဂျက်မှာ ထည့်သွင်းပေးရင်၊ တောင်းခံရင်ကောင်းမလားလို့ စဉ်းစားပေးပါတယ်။ နောက်တစ်ခုက ဘာလဲဆိုလို့ရှိရင် လုပ်ငန်းကျွမ်းကျင်တဲ့ဝန်ထမ်းတွေကို တစ်နေရာတည်းမှာပဲ အတိအကျ၊ အတည်တကျကို အလှည့်ကျမဟုတ်ဘဲနဲ့ ထားစေချင်ပါတယ်။ အလှည့်ကျအားတဲ့ဝန်ထမ်းကို ဖြစ်သလိုအစားထိုးပြီးတော့ ခိုင်းလိုက်ခြင်းဟာလည်း အဆင့်မြှင့်လာနိုင်ဖို့ မလွယ်ပါဘူး။ နောက်ပြီးတော့ ပြည်သူ့ဝန်ဆောင်မှုကို ဝန်ကြီးပြောသလိုပဲ Information Center တွေလုပ်ရမယ်။ အဲဒီကနေပြီးမှ ပြည်သူလူထုရဲ့အခက်အခဲတွေ၊ ခံစားချက်တွေကို ပြောလာတဲ့အခါကျရင် အဲဒီမှာ နှုတ်နဲ့ပဲဖြစ်ဖြစ်၊ စာနဲ့ပဲဖြစ်ဖြစ် ပေးနိုင်အောင်လို့ စီစဉ်ထားမှာဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် လိုအပ်ချက်တွေ ဖြည့်မယ်။ အားနည်းချက်ကို ပြင်မယ်ဆိုတာမျိုးဖြစ်လာရမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့မှ ဝန်ကြီးဌာနအသီးသီးနဲ့ လုပ်ငန်းအသီးသီးကို အခုနက ဝန်ကြီးပြောတာက ၁၅ ခုပေါ့နော်။ ကျွန်မသိတာကတော့ ၁၉ ခု၊ လုပ်ဆောင်ချက်က လုပ်ငန်းတွေက ၁၅၉ ခုဖြစ်ပါတယ်။ အဲဒီဟာတွေကိုလည်း စနစ်တကျ Vinyl နဲ့ ချိတ်ထားစေချင်တယ်။ Mobile Service Delivery ကို ရွေ့လျားဝန်ဆောင်မှုကိုလည်း Time table အချိန်ဇယားနဲ့ ဘယ်မှာ ဘာသွားမယ်ဆိုတာကိုလည်း ပြောစေချင်၊ အကြောင်းကြားစေချင်ပါတယ်။ လုပ်ထုံးလုပ်နည်းတွေကိုလည်း ကျွန်မတို့ညှိပြီးတဲ့အတွက် လုပ်ထုံးလုပ်နည်းဖြေလျှော့ဖို့လည်းလိုတယ်။ နောက်တစ်ခု အဂတိတိုက်ဖျက်ရေးကော်မရှင်ရုံးကိုလည်း အဲဒီ OSS မှာပဲ ထားစေချင်ပါတယ်။ ဒါမှာအလွယ်တကူတိုင်နိုင်မှာဖြစ်ပါတယ်။ နောက် နေရာကလည်း ရုံးကလည်း အလွယ်တကူသွားလာနိုင်တဲ့နေရာမှာ ဖြစ်သင့်ပါတယ်လို့ အကြံပေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်းမဲဆန္ဒနယ်၏အဆိုကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ဆိုတာကတော့ အစိုးရဌာနအဖွဲ့အစည်းများထံမှ တရားဥပဒေနှင့်အညီ နိုင်ငံသူနိုင်ငံသားများအတွက် လိုအပ်ချက်များကို မြန်မြန်ဆန်ဆန်ဝန်ဆောင်မှုပေးရန်ရည်ရွယ်ပြီးတော့ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)များ ဖွင့်လှစ်ပေးခြင်း ဖြစ်ပါတယ်။ ဒီပုံကတော့ ချောက်မြို့မှာရှိတဲ့ OSS ရုံးနဲ့ တာဝန်ကျဝန်ထမ်းတွေကို ချထားပုံနဲ့ ပြည်သူများလာပြီးတော့ မေးတဲ့၊ မြန်းတဲ့၊ ဖြေတဲ့ပုံနဲ့ အဲဒီက ဝန်ထမ်းများပုံဖြစ်ပါတယ်။ အစိုးရဌာနအဖွဲ့အစည်းများထဲမှ ဝန်ဆောင်မှုပေးမှုမှာ နေ့ချင်းပြီးဆောင်ရွက်ပေးနိုင်

သော ကိစ္စရပ်များကိုလည်း တွေ့ရပါတယ်။ နေ့ချင်းပြီး ဆောင်ရွက်မပေးနိုင်ခြင်းမှာ အမှန်တကယ် နေ့ချင်းပြီး ဆောင်ရွက်၍မရနိုင်တဲ့ကိစ္စများကြောင့်သာဖြစ်သင့်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကင်းရှင်းစေရန်နှင့် တာဝန်ယူမှု၊ ကြီးကြပ်မှုများလည်းလိုအပ်ပါတယ်။ ဥပမာ - မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)မှာ ပြီးပြတ်အောင်ဆောင်ရွက်ပေးတဲ့ ဝန်ဆောင်မှုအမျိုးအစားများနှင့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရတဲ့ ဝန်ဆောင်မှုအမျိုးအစားမျိုးကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ချက်များကို ဇယားဖြင့် ဖော်ပြသွားပါမယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော် နှစ်ချက်လောက်ပဲ တင်ပြပါမယ်။ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပွဲမိန့်၊ ဆိုင်းမိန့်၊ ထောက်ခံချက်ပေးပါတယ်။ အဲဒါတွေကတော့ သူကတော့ မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ သဘင်ကောင်စီနဲ့ညှိနှိုင်းပြီးတော့ စုစုပေါင်းစောင်ရေ ၂၅၀ လုပ်ပေးပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ကတော့ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပွဲမိန့်၊ ဆိုင်းမိန့်၊ တရားပွဲထောက်ခံချက်ပေးပါတယ်။ သူ့အနေနဲ့ကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ သဘင်ကောင်စီ၊ သာသနာရေးဦးစီးဌာနနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပါတယ်။ အားလုံးပေါင်း ၁၁၆ ဦးဖြစ်ပါတယ်။ အဓိကကတော့ တွေ့ဆုံပွဲတွေ၊ ပြည်သူ့စကားဝိုင်းတွေကို ကျွန်တော် တင်ပြပါမယ်။ အဆိုရှင်ရဲ့အဆိုမှာပါတဲ့ အစိုးရဌာနအဖွဲ့အစည်းများ၏ဝန်ဆောင်မှုပေးမှုများကို ပြည်သူများအမှန်တကယ်ရရှိခြင်း၊ အစိုးရနှင့်ပြည်သူအကြား အပြန်အလှန်ယုံကြည်မှု မြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာမှာ OSS အဆင့်မြှင့်စေဖို့အတွက်ကတော့၊ အောင်မြင်စေရန်အတွက်ကတော့ တွေ့ဆုံပွဲတွေ၊ ပြည်သူ့စကားဝိုင်းတွေ ကျင်းပပေးခြင်းမှာလည်း အထောက်အကူပြုစေကြောင်း အကြံပြုတင်ပြဆွေးနွေးအပ်ပါတယ်။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ချောက်မှာဆိုရင် မြို့ပေါ်မှာ တွေ့ဆုံပွဲတွေ ကျင်းပပါတယ်။ ကျေးရွာများမှာတော့ ပြည်သူ့စကားဝိုင်းတွေ ကျင်းပပေးပါတယ်။ ကျင်းပတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဦးဆောင်ပြီးတော့ မြို့နယ်မှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးပါတယ်။ မြို့ပေါ်ရှိ အစိုးရဌာနအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ အားလုံးပါဝင်ပြီးတော့ ပြည်သူများအားလုံးနှင့်တွေ့ဆုံ၍ ပွင့်လင်းမြင်သာစွာ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများလည်း ဆောင်ရွက်ပါတယ်။ မြို့ပေါ်မှာ တွေ့ဆုံပွဲများမှာ မေးမြန်းချက်များအား တစ်ရက်တည်းနဲ့ ဖြေကြားလို့မဖြစ်နိုင်ပါက ဌာနဆိုင်ရာအဖွဲ့အစည်းများကို နေ့ရက်တွေသတ်မှတ်ပြီးတော့ ပြည်သူများရဲ့မေးမြန်းချက်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမမှာ သီးခြားခေါ်ယူဖြေရှင်းပါတယ်။

ဥပမာအားဖြင့် ၅-၁၂-၂၀၁၇ ရက်နေ့မှာ ကိုယ်စားလှယ်များနှင့်အတူ လူထုနှင့်ဌာနဆိုင်ရာ ဆွေးနွေးပွဲတွေလုပ်ပါတယ်။ ၆-၁၂-၂၀၁၇ ရက်နေ့မှာ လူထုနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လုပ်ပါတယ်။ ၇-၁၂-၂၀၁၇ ရက်နေ့မှာ လူထုနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးနှင့် လုပ်ပါတယ်။ ၁၈-၁၂-၂၀၁၇ ရက်နေ့မှာ လူထုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လုပ်ကြပါတယ်။ ကျေးရွာနေလူထုတွေကြတော့ မြို့ကိုလာဖို့အတွက်ကျတော့ အခက်အခဲတွေရှိပါတယ်။

မူကြမ်း

ဒါကြောင့်မို့လို့ သူတို့မှာ ယာမြေတွေ၊ လုပ်ငန်းတွေဆောင်ရွက်နေရတယ်။ ခရီးစရိတ်တွေကုန်ကျတာတွေရှိပါတယ်။ အချိန်ပေးဖို့မလွယ်ကူတာကြောင့် ကျေးရွာတွေကို လွှတ်တော်ကိုယ်စားလှယ်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအပါအဝင် မြို့နယ်ဌာနဆိုင်ရာတာဝန်ခံနှင့်အတူ နေ့ရက်၊ အချိန်တွေကြိုတင်သတ်မှတ်ပြီးတော့၊ ကွင်းဆင်းပြီးတော့ ပြည်သူ့စကားဝိုင်းများ ကျင်းပလျက်ရှိပါတယ်။ ပြည်သူ့စကားဝိုင်းများကျင်းပချက်များကို ဖော်ပြပါတယ်။ ၂၈-၆-၂၀၁၈ ရက်နေ့မှာ ထိန်းဆန်းအုပ်စုမှာ ကွေးပင်ကြီးကျေးရွာမှာလုပ်ပါတယ်။ ၁၁-၇-၂၀၁၈ ရက်နေ့မှာ လေးပင်ကုန်းအုပ်စု၊ လေးပင်ကုန်းကျေးရွာမှာလုပ်ပါတယ်။ ၂၀-၇-၂၀၁၈ ရက်နေ့မှာ ကျွဲတက်အုပ်စု၊ သဘက်ကုန်းကျေးရွာမှာ လုပ်ပါတယ်။ ၄-၈-၂၀၁၈ ရက်နေ့မှာ ကျုံဝါတောအုပ်စု၊ ကျုံဝါတောကျေးရွာမှာလုပ်ပါတယ်။ ဒါတွေကတော့ ကျွန်တော်တို့ ဒီစကားဝိုင်းလေးရပ်မှာရှိတဲ့ ပြည်သူတွေကစိတ်ဝင်စားပြီးတော့ ဌာနဆိုင်ရာတွေအကုန်လုံးပါတယ်ဆိုတော့ ပြည်သူအများများ တက်ရောက်ပြီးဖြေရှင်းပေးတာကို တင်ပြခြင်းဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးပွဲများ ပြည်သူ့စကားဝိုင်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့အတွက် မြန်မြန်ဆန်ဆန်ဝန်ဆောင်မှုပေးနိုင်ရန် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေနှင့် ရပ်ကွက်ကျေးရွာများမှာ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်လတစ်ကြိမ် ပြည်သူများနှင့်ဆွေးနွေးကြပြီး လိုအပ်ချက်တွေ မေးမြန်းလိုတဲ့အချက်တွေကို လွှတ်တော်ကိုယ်စားလှယ်များရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် စာဖြင့်ပေးပို့ရန် ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဒါ့အပြင် မေးမြန်းချက်များ၊ လိုအပ်ချက်များကို တွေ့ဆုံပွဲများ ပြည်သူ့စကားဝိုင်းမှာ ချက်ချင်းမေးမြန်းနိုင်ကြောင်း ညှိနှိုင်းခဲ့ပါတယ်။ တွေ့ဆုံပွဲများမှာ ပြည်သူ့စကားဝိုင်းများမှ ပြည်သူများ၏လိုအပ်ချက်များကို စွမ်းဆောင်ပေးနိုင်သမျှရှိသကဲ့သို့ ဆောင်ရွက်မပေးနိုင်သူများရှိခဲ့ပါတယ်။ ဥပမာအားဖြင့် မြို့မဈေးကြီးဘေးနားမှာရှိတဲ့ ပျံကျဈေးနှင့်ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီးမှာ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဖြေရှင်းပေးနေသော်လည်း ယနေ့အထိ ပြည်သူများရဲ့တင်ပြချက်များကို ဖြေရှင်းမပေးနိုင်သေးကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏အဆိုမှာပါဝင်တဲ့ One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခြင်းနှင့်ပတ်သက်ပြီးတော့ အထက်ဖော်ပြပါတင်ပြချက်များကိုလည်း ထည့်သွင်းစဉ်းစားပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ဆုံးဖြတ်ပေးပါရန် အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းသီဟကျော်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ဘီးလင်းမဲဆန္ဒနယ် ဦးတင်ကိုကိုဦး တင်သွင်းတဲ့အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများအနေနဲ့ အစိုးရရုံးဌာနများနဲ့လုပ်ငန်းလိုအပ်ချက်အရ

ဆက်သွယ်ဆောင်ရွက်တဲ့အခါ အခက်အခဲမရှိအဆင်ပြေစေရန်အတွက် ရုံးဌာနများကို တစ်နေရာတည်းမှာ စုစည်းပြီးတော့ ဝန်ဆောင်မှုပေးကာ ပိုမိုလွယ်ကူအဆင်ပြေစေရန်ရည်ရွယ်ချက်နဲ့ ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ကို စတင်ဆောင်ရွက်ခဲ့တယ်လို့သိရပါတယ်။ ရည်ရွယ်ချက်ကောင်းမွန်ပါတယ်။ သို့သော်လည်း မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွေမှာ ဖွင့်လှစ်ထားတဲ့ OSS ရုံးများကို အသုံးပြုရကောင်းမှန်းမသိတာလား။ ဆက်သွယ်ဆောင်ရွက်တဲ့အခါ အဆင်မပြေတာလား။ ယုံကြည်မှုမရှိတာလား။ ပြည်သူများက သွားရောက်ဆက်သွယ်ဆောင်ရွက်မှု အားနည်းလျက်ရှိနေတာကို တွေ့မြင်ရပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ အချက်နှစ်ချက်နဲ့ဆွေးနွေးသွားလိုပါတယ်။ ပထမအချက်ကတော့ One Stop Service အဖြစ်ပြောင်းလဲဖော်ဆောင်မယ်ဆိုပါက ဘဏ္ဍာရေးဆိုင်ရာပိုကုန်ကျလာမယ့်အနေအထားကို ထည့်သွင်းစဉ်းစားရမယ့်အချက်ပဲဖြစ်ပါတယ်။ လက်ရှိမှာ သက်ဆိုင်ရာဌာနအသီးသီးက ဝန်ကြီးရုံးအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အထိ နှစ်စဉ် ရုံးအဆောက်အဦ၊ ရုံးသုံးပရိဘောဂ၊ စက်ပစ္စည်းများ၊ အသုံးစရိတ်များကို ဘတ်ဂျက်တင်ပြ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိနေတာကို တွေ့ရပါတယ်။ အကယ်၍ OSS ရုံးများကို အဆင့်မြှင့်တင်ပြီးတော့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုပါက စုပေါင်းရုံးအတွက်နေရာထိုင်ခင်း၊ ရုံးသုံးပရိဘောဂနှင့် စက်ပစ္စည်းများ ထပ်မံလိုအပ်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ဝန်ထမ်းများလည်း ထပ်မံတိုးချဲ့ခန့်ထားရန်လိုအပ်ကောင်း လိုအပ်လာနိုင်ပါတယ်။ လက်ရှိမှာ အသုံးစရိတ်များကို အကျိုးရှိရှိထိထိရောက်ရောက်သုံးစွဲဆောင်ရွက်သွားရန် ကြိုးစားနေဆဲကာလမှာ OSS ရုံးများကိုတိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ထပ်မံကုန်ကျလာမယ့်အသုံးစရိတ်များကိုလည်း ထည့်သွင်းစဉ်းစားသုံးသပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ထို့ထက်ပိုပြီးဆောင်ရွက်သင့်တာကတော့ ဌာနဆိုင်ရာအရာထမ်းဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးခြင်း၊ ပြည်သူများနဲ့တိုက်ရိုက်ဆက်သွယ်ဆက်ဆံရတဲ့ရုံးဌာနများရဲ့ လုပ်ငန်းဆောင်တာများကို စနစ်တကျနဲ့ပိုမိုထိရောက်လွယ်ကူလျင်မြန်အောင် မလိုလားအပ်တဲ့အဆင့်များကို လျှော့ချခြင်း၊ အချိန်ဆွဲဆောင်ရွက်ခြင်းမျိုးမရှိအောင် ကြပ်မတ်ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ အခက်အခဲလိုအပ်ချက်များကိုလေ့လာပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများ အလွယ်တကူလက်လှမ်းမီပြီးတော့ ရှင်းလင်းလွယ်ကူတဲ့လုပ်ထုံးလုပ်နည်းများဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ပေးခြင်းစတဲ့လုပ်ငန်းများကို ပိုမိုတွန်းအားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဒုတိယအချက်အနေနဲ့ဆွေးနွေးလိုတာကတော့ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများနဲ့ အစိုးရရုံးလုပ်ငန်းများ လျင်မြန်ချောမွေ့လွယ်ကူစေရေးနဲ့ အဂတိလိုက်စားမှုလျော့နည်းစေရေးအတွက် e-Government လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေပြီးတော့ e-Government လုပ်ငန်းများအောင်မြင်ရေးအတွက် နိုင်ငံ့ဘဏ္ဍာငွေအမြောက်အများကုန်ကျခံဆောင်ရွက်နေတဲ့အပြင် နိုင်ငံတကာအကူအညီအထောက်အပံ့ချေးငွေများရယူကာ Data Centre၊ ကွန်ပျူတာ စက်ကိရိယာများ၊ နည်းပညာဆိုင်ရာ ကွန်ရက်ဆက်သွယ်ရေးစက်ကိရိယာများ စသည်တို့အတွက် ငွေကြေးအမြောက်အများ ကုန်ကျခံဖြည့်ဆည်းဆောင်ရွက်လျက်ရှိနေပါတယ်။ ပြည်သူများအနေနဲ့ အစိုးရဌာနများနဲ့ဆက်သွယ်ရာမှာ ပိုမိုအဆင်ပြေလွယ်ကူစေဖို့

အတွက် အခွန်ငွေပေးဆောင်ရန်ကိစ္စ၊ လျှပ်စစ်မီတာပေးဆောင်ရန်ကိစ္စ စတဲ့ငွေကြေးဆိုင်ရာ ပေးဆောင်ရန်ကိစ္စများကို Online Banking များနဲ့ဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိနေတာကိုလည်း တွေ့ရပါတယ်။ ကုမ္ပဏီများမှတ်ပုံတင်ခြင်းလုပ်ငန်းများကိုလည်း အခုအခါမှာ Online ကနေတစ်ဆင့် ဆောင်ရွက်လျက်ရှိနေပါပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း Mobile Tablet များမှ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ဆေးဝါးနှင့် ဆေးပညာဆိုင်ရာ Software များ ထည့်သွင်းပြီး ကျေးရွာများထိ တာဝန်ထမ်းဆောင်နေတဲ့ သူနာပြုများဆီဖြန့်ဝေပြီး ကုသနည်းနဲ့ လမ်းညွှန်မှုများကို Online ကနေပြီးတော့ အချိန်နှင့်တစ်ပြေးညီ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုကို ထိရောက်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်မှာ လာရောက်ရှင်းလင်းခဲ့တာလည်း အားလုံးအသိပဲဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် e-Government စနစ်ပိုမိုတွန်းအားပေးဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်လွယ်ကူမှာဖြစ်လို့ OSS ရုံးများ အဆင့်မြှင့်တင်ခြင်းထက် e-Government စနစ်ကိုအောင်မြင်အောင် တွန်းအားပေးဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ One Stop Shop မှ One Stop Service သို့ အဆင့်မြှင့်တင် ဝန်ဆောင်မှုပေးရန်နှင့်စပ်လျဉ်းပြီး ထပ်မံလိုအပ်လာမယ့် ရုံးနေရာထိုင်ခင်း၊ ရုံးသုံးပရိဘောဂနဲ့ စက်ပစ္စည်းတို့အပြင် ဝန်ထမ်းများအတွက် ထပ်မံကုန်ကျမယ့်ကုန်ကျစရိတ်များကိုလည်း ချိန်ညှိစဉ်းစား သုံးသပ်သင့်ပါကြောင်းနှင့် လက်ရှိနိုင်ငံတော်ကဖော်ဆောင်နေတဲ့ e-Government စနစ်ပီပြင်လာအောင် တွန်းအားပေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများကို ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ခြင်း၊ အချိန်ကုန်သက်သာလွယ်ကူစေခြင်း၊ အဂတိလိုက်စားမှုအား အထိုက်အလျောက်တားဆီးနိုင်ခြင်း၊ ခေတ်စနစ်နှင့်အညီ အစိုးရရဲ့ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် e-Government စနစ်ကို ပိုမိုအလေးထားဖော်ဆောင်သင့်ပါကြောင်းနှင့် အစိုးရရုံးဌာနများအား တစ်နေရာတည်းစုစည်းပြီးတော့ ပြည်သူများကိုဝန်ဆောင်မှုပေးခြင်းအစား သက်ဆိုင်ရာဌာနများနှင့် ဆက်ဆံရာမှာ ပိုမိုလွယ်ကူလျင်မြန်စေရန် များပြားရှုပ်ထွေးတဲ့ရုံးလုပ်ငန်းအဆင့်ဆင့်များကိုလျှော့ချခြင်း၊ ကြီးကြပ်ခြင်း၊ လုပ်ထုံးလုပ်နည်းများပြင်ဆင်ဆောင်ရွက်ခြင်းကသာ ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး တင်သွင်းတဲ့အဆိုကို သုံးသပ်ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာပါအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး တင်သွင်းသည့်အဆိုအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဦးစွာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးပေးသော ကိုယ်စားလှယ်များအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တပ်ဖွဲ့/ဦးစီးဌာနများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၊ ခရိုင်/မြို့နယ်များတွင် ဖြန့်ခွဲ၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူလူထု၏လိုအင်ဆန္ဒများ၊ အခြေခံလိုအပ်ချက်များကို မိမိတို့နှင့်သက်ဆိုင်သော အခန်းကဏ္ဍများအလိုက် အဆင်ပြေချောမွေ့အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ထိုသို့ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကိုတားမြစ်၍ ထိရောက်သောဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများကအစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားလာစေရန်နှင့် တာဝန်ထမ်းဆောင်ရွက်နေသောဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရေးအထောက်အကူပြုနိုင်ရန်ဟူသော ရည်ရွယ်ချက်လေးရပ်ဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ(One Stop Shop) ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၅-၂၀၁၅ ရက်စွဲပါစာဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၅-၇-၂၀၁၈ ရက်စွဲပါစာဖြင့် ယင်းကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများရဲ့ ရှေ့ပြေးအစီအစဉ်အနေဖြင့် ဌာနခုနစ်ခုဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ပြည်သူများရဲ့ အခြေခံလိုအပ်ချက်နှင့် တောင်ဆိုချက်များအရ ဌာနရှစ်ခု ထပ်မံထည့်သွင်း၍ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ၁၅ ဌာနဟာ OSS ရုံးများမှာ ဆောင်ရွက်ပြီး အချို့သောမြို့နယ်များမှာ ထပ်တိုးဆောင်ရွက်၍ရသောဌာနများ ထပ်မံဖြည့်စွက်ဆောင်ရွက်လျက်ရှိသဖြင့် တစ်နိုင်ငံလုံးစာရင်းချုပ်အရ စုစုပေါင်း ၂၄ ဌာနပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ One Stop Shop ဆိုသည်မှာ သက်ဆိုင်ရာဌာနတစ်ခုစီမှ ဝန်ထမ်းကိုယ်စားလှယ်များအားပြည်သူ့ဝန်ဆောင်မှုရုံးသို့ စေလွှတ်ပြီး ယင်းတို့၏ သက်ဆိုင်ရာဌာနတစ်စိတ်တစ်ပိုင်းအဖြစ်ကိုယ်ပိုင်ကောင်တာများကို တစ်နေရာတည်းမှာထားရှိပြီး ပြည်သူများ/ဝန်ဆောင်မှုရယူသူများအတွက် အချိန်ကုန်သက်သာပြီး လွယ်ကူမှုရရှိစေရန် ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများကို ဆောင်ရွက်ပေးသည့်အပြင် လုပ်ငန်းသဘောသဘာဝအရပြီးပြတ်အောင် ဆောင်ရွက်မပေးနိုင်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပုံနည်းအဆင့်ဆင့်ကို လုပ်ထုံးလုပ်နည်းများအား အသိပေးရှင်းလင်းခြင်းနှင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ပြပေးခြင်းစသည့် ဝန်ဆောင်မှုများကိုဆောင်ရွက်ပေးသည့်လုပ်ငန်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ပြည်သူ့ဝန်ဆောင်မှုရုံးများ

မူကြမ်း

(One Stop Shop)၌ ပြီးပြတ်အောင်ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်း ၉၄ မျိုးကို ၁၁၄၃၄၀၇ ကြိမ် ပြီးပြတ်အောင် ဆောင်ရွက်ပေးခဲ့ပြီး ကွင်းဆင်းစစ်ဆေးရန်လိုအပ်ခြင်း၊ စာရင်းဇယားများတိုက်ဆိုင် စစ်ဆေးရခြင်း၊ ကော်မတီအစည်းအဝေးဖြင့် ဆုံးဖြတ်ချက်ရယူခြင်း၊ အထက်ဌာနအဆင့်ဆင့်သို့ အတည်ပြုချက်ရယူခြင်းစသည်တို့ကို ဆောင်ရွက်ရန်လိုအပ်သည့် ပြည်သူ့ဝန်ဆောင်မှုရုံးများ (One Stop Shop) အနေဖြင့် ပြီးပြတ်အောင်ဆောင်ရွက်ပေး၍ မရနိုင်သောလုပ်ငန်း ၆၆ မျိုးကို ဆောင်ရွက် ပုံနည်းအဆင့်ဆင့်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အသိပေးရှင်းလင်းခြင်းနှင့် သက်ဆိုင်ရာဌာနများ သို့ ညွှန်ပြပေးခြင်းကို ၃၃၉၄၆၂ ကြိမ် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် ပြည်သူတို့၏အခြေခံလိုအပ်ချက်များအား အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင် ရေးအတွက် ပြည်သူ့ဝန်ဆောင်မှုရုံးများ (One Stop Shop) ကို ၇-၇-၂၀၁၅ ရက်နေ့မှ စတင် ဖွင့်လှစ်ခဲ့ပြီး မြို့နယ် ၃၃၀ ရှိသည့်အနက် နယ်မြေအခြေအနေအရ မဖွင့်လှစ်နိုင်သည့်ရုံး ၁၄ ရုံးမှအပ မြို့နယ် ၃၁၆ မြို့နယ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ကာ ဆောင်ရွက်ပေးနေမှု အခြေအနေများအား သိသာမြင်သာစေရန် ရုံးခန်းတစ်ခုတည်းတွင် ကောင်တာ များဖွင့်လှစ်ထားရှိခြင်း၊ ရုံးအဝင်မျက်နှာစာတွင် ဌာနဆိုင်ရာအလိုက်ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်း များကို ဗီနိုင်းဖြင့်ချိတ်ဆွဲထားခြင်း၊ ပြည်သူများသိရှိနိုင်ရေးအတွက် သတင်းဂျာနယ်၊ မီဒီယာများမှ လည်း အသိပေးဆောင်ရွက်ချက်ရှိပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးများတွင် တာဝန်ထမ်းဆောင်ရန် ဌာနဆိုင်ရာအလိုက် ဖွဲ့စည်းပုံမရှိသေးသော်လည်း ဝန်ထမ်းများအား အလှည့်ကျဆောင်ရွက်ခြင်းထက် လုပ်ငန်းကျွမ်းကျင်မှုရှိသူ၊ ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူများကိုရွေးချယ်၍ ပင်တိုင်တာဝန်ပေးအပ် နိုင်ရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအားဖြင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး ကြီးကြပ်သူတာဝန်ခံအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးမှ ဆောင်ရွက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများ၏ One Stop Shop လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လေ့လာခဲ့ရာမွန်ဂိုလီးယားနိုင်ငံတွင် ၂၀၀၇ ခုနှစ်၌ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် e-Signature လုပ်ငန်းဆောင်ရွက်ခဲ့ သော်လည်း အပြည့်အဝအောင်မြင်မှုမရရှိခဲ့ကြောင်း၊ ထိုသို့အောင်မြင်မှုမရရှိခဲ့သဖြင့် ၂၀၁၃ ခုနှစ် တွင် မူဝါဒအသစ်များချမှတ်၍ One Stop Shop လုပ်ငန်းများအတွက် အသုံးစရိတ်နှင့် IT နည်းပညာများကို အစိုးရမှပိုမိုထောက်ပံ့ခဲ့မှုကြောင့် ၅၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ဗီယက်နမ်နိုင်ငံတွင်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ၁၉၉၃ ခုနှစ်၌ ခရိုင် တစ်ခုနှင့် မြို့နယ်တစ်ခုတို့တွင် Pilot Project အဖြစ် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ငါးနှစ်စီမံကိန်းချမှတ်၍ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ပြည်နယ် အားလုံးတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(One Stop Shop) ဆောင်ရွက်နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါ တယ်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံတွင် One Window Service Office(OWSO) ရုံးများကို ၂၀၁၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ် အကူအညီဖြင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှစ၍ နိုင်ငံတော် အစီအစဉ်ဖြင့်သာ ဆောင်ရွက်ခဲ့ပါ ကြောင်း၊ ၂၀၁၇ ခုနှစ် နှစ်ကုန်တွင် ရုံးပေါင်း ၅၂ ရုံးဖွင့်လှစ်နိုင်ခဲ့ပြီး

ကျန်ရုံးများကို ဆက်လက်ဖွင့်လှစ် နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ လေ့လာတွေ့ရှိချက်များအရ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရန်ပုံငွေနှင့် IT နည်းပညာများကို ပံ့ပိုးပေးရန်လိုအပ်သည့်အပြင် ဆယ်စုနှစ် ၂ စုခန့် အချိန်ယူ ဆောင်ရွက်ရကြောင်း လေ့လာတွေ့ရှိရပါတယ်။

One Stop Shop ဖွံ့ဖြိုးတိုးတက်ရေးအတွက် e-Government ဖွံ့ဖြိုးတိုးတက်ရန်လည်း မဖြစ်မနေလိုအပ်ပါသဖြင့် မြန်မာနိုင်ငံအနေဖြင့်ဆောင်ရွက်ခဲ့ရာ ၁-၁၁-၂၀၁၄ ရက်တွင် Electronic Document Management System(EDMS) စတင်အသုံးပြုနိုင်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်ရုံဖြင့် လုံလောက်မှုမရှိသဖြင့် e-Government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ယခုအခါ e-Government လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ နာယကအဖြစ်ပါဝင်သော စုစုပေါင်း ၁၄ ဦးဖြင့် e-Government ဦးဆောင်ကော်မတီနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ်ပါဝင်သော စုစုပေါင်း ၃၂ ဦးဖြင့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီတို့ကို နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁-၂၀၁၈ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ ထို့ပြင် သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲများနှင့် ပညာရှင်များ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဆပ်ကော်မတီရှစ်ခုကိုလည်း e-Government အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၈)ဖြင့် ၁၂-၆-၂၀၁၈ ရက်တွင် ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါ ဆပ်ကော်မတီများဖြင့် e-Government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး e-Government ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ OSS ရုံးများဟာလည်း ပိုမိုထိရောက်အောင်မြင် လာမည်ဖြစ်ပါတယ်။ One Stop Service ဆိုသည်မှာ တစ်နေရာတည်းတွင် လုပ်ငန်းအကြောင်းအရာ တစ်ခုတည်းကိုသာ လုပ်ငန်းပြီးမြောက်စေရန် လိုအပ်သည့်စာရွက်စာတမ်း၊ ထောက်ခံချက်များကို သက်ဆိုင်ရာဌာနများသို့ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ယခုအခါ One Stop Service အဖြစ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းကို ဌာနကိုးခုဖြင့် တစ်နေရာတည်း၌ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူမူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင်လည်း သွင်းကုန်/ထုတ်ကုန်လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းကို ဌာန ၁၂ ခုဖြင့် တစ်နေရာတည်း၌ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ပါ၍ ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှု များအပေါ် လေ့လာတွေ့ရှိချက်များအရ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စေရန်အတွက် ဘဏ္ဍာရန်ပုံငွေနှင့် IT နည်းပညာများကို ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊ အချိန်ယူဆောင်ရွက်ရကြောင်း၊ e-Government ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄ ခုနှစ်ကတည်းက စတင်အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ One Stop Shop ကို One Stop Service အဖြစ်ပြောင်းလဲပါက လုပ်ငန်းသဘာဝမတူသောကြောင့် လုပ်ငန်းခေါင်းစဉ်တစ်ခုတည်းကိုသာ ပြီးပြတ်အောင် ဆောင်ရွက် ပေးနိုင်မည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် One Stop Service ကဲ့သို့ လုပ်ငန်းပေါင်း ၉၄ ခုကို ပြီးပြတ်အောင် ဆောင်ရွက်ပေးနေပြီဖြစ်ပြီး ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသောလုပ်ငန်း ၆၆ ခု အား e-Government ဖွံ့ဖြိုးတိုးတက်လာသည်

နှင့်အမျှ ပြီးပြတ်အောင် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေတွင် လုပ်ငန်းအားလုံးကို ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဘဲ အချိန်ယူ ပေါင်းစပ် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေရေးဆွဲ ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ကြောင့် ဦးတင်ကိုကိုဦး၏အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်(ဘီးလင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုကို သဘောထားရှင်းပြခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီအဆိုကို တင်ကတည်းကလည်း ရည်ရွယ်ချက်ကရှိပြီးသားပါ။ အဓိကကတော့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင် တဲ့နေရာမှာ ပြည်သူနှင့်အစိုးရအကြား အပြန်အလှန်ယုံကြည်မှုရစေလိုတဲ့ဆန္ဒနဲ့ ကျွန်တော် ဒီအဆိုကို တင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလည်း ပြည်သူ့ဝန်ဆောင်မှုရုံးတွေအနေနဲ့ လုပ်ဆောင်တဲ့နေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု နောက်တာဝန်နှင့်လုပ်ပိုင်ခွင့်တွေ မရှင်းလင်းမပြတ်သားတဲ့အတွက်ကြောင့် အောင်မြင်စွာအကောင်အထည်ဖော်ဖို့ဆိုတာဟာ မဖြစ်နိုင်သေးဘူးဆိုတာလည်း ကျွန်တော်သိပါတယ်။ စောစောတုန်းက ဒုတိယဝန်ကြီးပြောသွားတာလည်း ရှိပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံးတွေအတွက် ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းရဦးမယ်ဆိုတော့ ဒီအတွက်လည်း သီးသန့်ဥပဒေတစ်ရပ်လိုအပ်ပါ တယ်။ ဌာနပေါင်းစုံပါတဲ့အတွက်ကြောင့် ဥပဒေမရှိရင်လည်း လုပ်ငန်းအကောင်အထည်ဖော်ဖို့ မဖြစ် နိုင်ပါဘူး။ ဒါကြောင့် ဝန်ကြီးဌာနကလည်း ယခုအခါမှာ ဥပဒေရေးဆွဲဖို့ လိုအပ်နေတာကိုသိရှိပြီး ဖြစ်တဲ့အတွက်ကြောင့် ဥပဒေရေးဆွဲမပြီးခင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေကို အဆင်ပြေချောမွေ့ စေဖို့အတွက် ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့အခြေအနေတွေကို စောင့်ကြည့်ဖို့လိုတဲ့အတွက်ကြောင့် ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီး ဌာနက အဆိုအားမှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီနေ့ဆွေးနွေးတဲ့အဆိုနှင့်ပတ်သက်ပြီးမှ ပြောကြားလိုပါတယ်။ ဒီနေ့အဆိုဟာဆိုလို့ရှိရင် အင်မတန်မှ တန်ဖိုးရှိတဲ့အဆိုဖြစ်တယ်ဆိုတာကို အားလုံးကြားသိပြီးပဲ ဖြစ်ပါတယ်။ ဒီအဆိုအောင်မြင်ဖို့ဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကနေပြီးမှ ပါဝင်ဆောင်ရွက်မှ စုပေါင်းအင်အားနဲ့ဆောင်ရွက်နိုင်မည့်အနေအထားမျိုးရှိပါတယ်။ ဝန်ကြီးဌာနကလည်း ဒါကို ဥပဒေပြဋ္ဌာန်းဖို့ လိုအပ်တယ်ဆိုတဲ့ဟာနဲ့ ဥပဒေပြဋ္ဌာန်းဖို့ ဆောင်ရွက်သွားမည်ဆိုတဲ့ရှင်းလင်းချက်ကို ကြားသိရတဲ့အတွက် မိမိတို့လွှတ်တော်အနေနဲ့ ဝမ်းမြောက်ဝမ်းသာနဲ့ ကြိုဆိုပါကြောင်းနဲ့ ဥပဒေကြမ်းတင်လာတဲ့အချိန်မှာ မိမိတို့လွှတ်တော်အနေနဲ့လည်း ဥပဒေပြုရေးကဏ္ဍအနေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် (သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၂၅ အချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ (၈.၈.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Major Genl Aung Thu | U Sai Naung Sai Hein




Major Genl Aung Thu | Daw Aye Aye Mu




Major Genl Aung Thu | Dr Aung Naing




Major Genl Aung Thu | U Zaw Min Thein




Major Genl Aung Thu | U Maung Maung Oo




Major Genl Aung Thu | Daw Yin Min Hlaing

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်